
စိတ်ကူးချိုချိုအနုပညာ

# စစ်ကိုင်းဦးဘိုးသင်း

# မင်းမျှားမှူး




ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

# စစ်ကိုင်းဦးဘိုးသင်း

# မင်းမျှားမှူး

ပညာရှိတို့၏ခံတွင်းမှ အလင်းရောင်နှင့် အမွှေးနံ့သည် အမြဲကွန့်မြူးကာ နေလေ၏။
သူတော်ကောင်းတို့၏ ခံတွင်းမှ သီတာရေအေးသည် အမြဲစိမ့်ဆင်းလျက် နေ၍
ဆရာတို့၏ခံတွင်းမှ တပည့်တို့၏ နားမျက်စိကို လူ့နား လူ့မျက်စိဖြစ်စေရန်
ဆေးသည် အမြဲ ထွက်ပေါ်လျက်နေ၏။
မိဘတို့၏ခံတွင်းမှ သားသမီးတို့၏ လောက၌ တင့်တယ်ရေး၊ ဂုဏ်ကြီးမြင့်ရေးမန္တန်ကို
အမြဲမန်းမှုတ်ကာ ရှိပေတော့သည်။



anb0060
2000.00 Ks

mgyoe.com

မင်းများမှူး စစ်ကိုင်းဦးဘိုးသင်း
စာမျက်နှာ ၂၁၆ မျက်နှာ၊ ၁၂ ·၈စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ မေလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၅၈ ကိုတင်အောင်မစန်းစာအုပ်ဆိုင်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# မင်းမျှားမှူး
# စစ်ကိုင်းဦးဘိုးသင်း

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မင်းများမှူး

## အခန်း – ၁

မြန်မာနိုင်ငံ၌ ထင်ရှားသော ဝတ္ထုများသည် များသောအားဖြင့် အိန္ဒိယကဝတ္ထုများသာ ရှေးက ဖြစ်လာခဲ့သည်ဟု ခဏခဏဗဟုသုတ လိုက်စားသော ကျောင်းသားကလေးများ အချို့သည် လာရောက်ကာ စောဒနာကြကုန်၏။ ကျွန်ုပ်ကား ထိုစောဒနာချက်တို့ကို မဖြေဝံ့။ များသောအားဖြင့် စုံစမ်းစောဒနာလာသော ကျောင်းသားကလေးများမှာလည်း အာဂသတ္တိရှင် မီးခဲကလေးများနှင့် တူနေ၍ ကျွန်ုပ်ဖြေဆိုလိုက်ရသော် ပြောင်းဆူတက်ဖို့ ရှိချေသည်။

ကျွန်ုပ်ကား ထိုသည့်သဘောကြောင့် မတင်မကျပင် ငါတို့၏ လူမျိုးများမှာလည်း ရှေးဝတ္ထုကောင်းများရှိကောင်းပါသည်။ မျှော်လင့်ပါဟုသာ ဖြေဆိုခဲ့ရသည်အတိုင်း ရှေးအကြောင်းများနှင့် ပတ်သက်သည့် ဝတ္ထုတစ်ခုကို ပျင်းပျင်းရိရိနှင့်ပင် ရေးရပြန်ပါတော့သည်။

mgyoe.com

mgyoe.com



သိပ်ရာသီသည်ကား လေတိတ်လျက်ရှိ၍ ရာသီဥတုသည် အလွန်သာယာကြည်လင်ဘိ၏။ တောပန်းတောင်ပန်းတို့နှင့်လည်း တောအုပ်များသည် များစွာနှစ်သက်ဖွယ်ဖြစ်၏။ နေသည်ကား အလွန်ကျဲကျဲကြီး ပူပြင်းလင့်ကစား သစ်တောကြီးများသည် စိမ်းလန်းတင့်ပန်းခြင်းဖြင့် ထိုကဲ့သို့ပူပြင်းသောဥတုကြောင့်... သာ၍အေးမြသည်ဟု ထင်ရဘိ၏။ တစ်ခါတစ်ရံ နေ့အချိန်၊ ညအချိန်တို့၌ မိုးကြီးသည်းထန်စွာ ရွာသွန်းဘိ၏။ ထိုသို့မိုးရွာသွန်း၍ တိတ်သည်နှင့် တစ်ပြိုင်နက် ကောင်းကင်ပြင်သည် ကြည်လင်ကာရှိဘိ၏။ နံနက်ချိန်၌ကား ဆီးနှင်းတို့သည် ဝေလျက်ရှိဘိ၏။

ထိုသို့လျှင် ရာသီ၏ လှည့်စားမှုဖြင့် သောက္ကတဲပြည်မှ မင်းကြီးအောင်နိုင်သည် တစ်ကိုယ်တော်တည်း ရုပ်ဖျောက်ပြုကာ တောအုပ်အတွင်းသို့ မြင်းတစ်စီးနှင့် တော၏အရသာကို ခံစားလျက် လှည့်လည်လာ၏။

မင်းမြတ်အောင်နိုင်သည် တောတောင်ကြီးအတွင်းမှ စီးဆင်းကာလာသော ချောင်းငယ်ကလေး ကမ်းပါး ဝါးရုံပင်ရိပ်၌ မြင်းကိုလွှန်ထားကာ စိတ်၏ ကြည်လင်အေးမြခြင်းကို ယူနေ၏။

ချောင်းကလေး၌ကား သဲရှပ်ရှပ်နှင့်အပြင် ကျောက်လုံးကျောက်ခဲတို့ဖြင့် ရှုခင်းအလွန်သာလျက်၊ ချောင်းထဲ၌ ငါးတို့သည် ဘေးမဲ့ကို ရနေ၍ ပျော်ပါးကာ ကစားနေသကဲ့သို့ ရှိချေ၏။

မင်းကြီးအောင်နိုင်သည် ထိုအရိပ်၌ ခဏအကြာ၊ အရသာကို ယူပြီးနောက် မြင်းကိုဆွဲ၍ ချောင်းနှင့် မနီးမဝေးသော ရသေ့သင်္ခမ်းသို့ သွားရောက်ကာ ရသေ့နှင့် ချစ်ကြည်စွာသော စကားတို့ကို ပြောဆိုနေ၏။ ရသေ့သည် မင်းကြီးအောင်နိုင်ကို ပြည့်ရှင်မင်းဟု မသိ။ ပြည့်ရှင်မင်းလည်း မိမိကိုယ်ကို ပြည့်ရှင်မင်းဟု မပြော၊ ရသေ့နှင့် စကားရောခြင်း

mgyoe.com

mgyoe.com


ဖြင့် ချောမောကာ တင့်တယ်နေဘိ၏။

ထိုခဏ၌ မနီးမဝေးသော တောင်ယာထဲမှ အုန်းမောင်းတီးသံကို မင်းကြီးသည်ကြားရ၍ အလွန်နှစ်သက်ခြင်းဖြစ်၏။ ထို့ကြောင့် စီးတော်မြင်းကို ရသေ့ကျောင်းထဲ၌ လှန်ထားခဲ့ပြီးသော် အုန်းမောင်းသံလာရာ တောင်ယာထဲသို့ သွားရောက်၏။

ထိုအခါ... တောင်ယာထဲရှိ တဲပေါ်မှ လူတစ်ယောက်သည် အုန်းမောင်းတီးခြင်းကို ရပ်စဲလျက် ဂါတ်ကြိုးကိုဆွဲခြင်းဖြင့် မှည့်စဖြစ်သည့် စပါးနှံတို့အား စီစီကျွက်ကျွက်နှင့် စားသောက်ပျော်ပါးနေသည့် စာကလေးတို့ကို ခြောက်နေလေ၏။

မင်းကြီးသည် တောင်ယာထဲရှိ တဲသို့ရောက်သွားရာ ထိုတဲ၌ရှိနေသော လူတစ်ယောက်သည် မင်းကြီးအား ခဏချွေးသိပ်စေကာ နေစဉ်အခိုက် တောင်ယာတွင်းသို့ဝင်လျက် ချိုသော သခွားသီးမှည့်ကိုလည်းကောင်း၊ ပြောင်းဖူးနုနုများကိုလည်းကောင်း ဆွတ်ချိုးကာ သခွားချိုသီးများကို ကောင်းမွန် သန့်ရှင်းစင်ကြယ်စွာ ခွဲစိတ်၍ ပြောင်းဖူးနုများကို ဖုတ်၍ ယာစောင့်သည် ဧည့်ဝတ်ကိုပြု၏။ ယာစောင့်သည် ထိုသို့ ဧည့်ဝတ်ကိုပြုရာ၌ မင်းကြီးဟူ၍မသိ။ ခရီးသွားအဖြစ်နှင့်သာ အမှတ်မဲ့ ဧည့်ဝတ်ကို ပြုခြင်းဖြစ်၏။

အခါခပ်သိမ်း၌ သူတော်ကောင်း၏ စိတ်ဓာတ်ကိန်းအောင်းနေသူတို့မှာ ရိုးသားဖြောင့်မတ်သော သူဆင်းရဲတို့၏ အလုပ်ကို မိမိမလုပ်မကိုင်နိုင်စေကာမူ နှစ်သက်ခြင်းဖြစ်တတ်၏။ တောတောင်စိမ့်စမ်းရေတံခွန်စသော တောကြီးတောင်ကြီး၏ အသရေကို တပ်မက်စွဲလမ်းတတ်၏။ ထိုသဘောကြောင့် သောက္ကတဲမင်းသည် တောင်ယာစောင့်ပြုသော ဧည့်ဝတ်ကို အလွန်အရသာရှိလေယောင် ဖြစ်နေတော့၏။

ထိုသဘာဝကြောင့် မင်းကြီးသည် တောင်ယာစောင့်အား ဤသို့

mgyoe.com

mgyoe.com


ဆိုတော့၏။

"အမောင် ငါကား သောက္ကတဲဘုရင်မင်းတည်း၊ ငါ နေပြည်တော်သို့ ပြန်ရောက်က သင့်အား ဆုချီးမြှင့်မည်၊ လာခဲ့လော့ဟု" တစ်ထည်သော မင်းသုံးသလင်းကို ပေးလေ၏။

တောင်ယာစောင့်လည်း အလွန်အံ့အားသင့်လျက် ကျယ်သော မျက်လုံးနှင့် ဤသို့ဆို၏။

"အရှင်မင်းကြီး ဆိုတိုင်းသော စကားသည် မှန်ခဲ့ပါသော် အရှင်မင်းကြီးမှာ ပြည်နှင့် ထီးနန်းကင်းတော့ပြီ။ အရှင်မင်းကြီးထံ ကျေးတော်မျိုးသည် လိုက်လာရန်မလို၊ ထို့ကြောင့် အောင်ကြားဖြစ်သော သလင်းတော်ကိုလည်း လက်ခံရန်မလိုပါ။ ပြန်၍ ဆက်ပါသည်"

"အမောင် ဘယ်လိုဆိုလိုက်သလဲ"

"အရှင်မင်းကြီးသည် နေပြည်တော်မှ မည်ကဲ့သို့ ထွက်ခွာတော်မူလာပါသနည်း..."

"အမောင် ငါကား ငါ့တိုင်းတော်ပြည်တော်၌ ဆင်းရဲသားများ မည်ကဲ့သို့ လုပ်ကိုင်စားသောက်နေကြသည်။ လုပ်ကိုင်စားသောက်ရာ၌ မည်ကဲ့သို့သဘောရှိသည်တို့ကို တပ်အပ်ကျ သိလိုသည့်အပြင် တောကြီးတောင်ကြီး၏ ဗိမာန်ကိုငါသည် များစွာနှစ်သက်ခုံမင်မိသည်။ ပညာရှိသုခမိန်ကိုလည်း ဖူးမြင်လိုသည်"

"မှန်လှပါ..."

"ထိုသို့သောသဘောကြောင့် ငါနှင့်တစ်စုံတစ်ရာမျှ ထူးခြားခြင်းမရှိ၊ အသွေးအရောင်ထပ်တူထပ်မျှဖြစ်သော ငါ၏ ရောင်းရင်း (ယောင်းယင်း) ဖက်တစ်ယောက်ကို ငါ့အစား ဘုရင်ပြုလုပ် အုပ်ချုပ်နေရန် လွှဲအပ်ခဲ့လျက် မိဖုရားများ၊ မှူးကြီးမတ်ရာ သေနာပတိများ မည်သူမှ မသိရအောင် ငါသည် ခဏတိတ်တဆိတ် နန်းတော်မှ ထွက်ခွာ

mgyoe.com

mgyoe.com


လာခဲ့သည်"

"ထိုသဘောကြောင့်ပင် ကျေးတော်မျိုး လျှောက်တင်ခြင်းသည် မှန်ပါပြီတကား..."

"မောင် ဘယ်သို့ဆိုသနည်း။ ငါ့ရောင်းရင်း (ယောင်းယင်း) ဖက်ကား ငါတို့၏ တိုင်းပြည် ပုရောဟိတ်ကြီး၏သား၊ ငါနှင့် တက္ကသိုလ်ပြည်မှာ ပညာအတူသင်ဖက်၊ နှစ်ကိုယ့် တစ်စိတ်လည်း ချစ်ခင် အလွန်သစ္စာမြဲသောသူတည်း"

"အရှင်မင်းကြီးဆိုသော စကားအတိုင်း သစ္စာကား လူတွင်ရှိကောင်းပါသတတ်၊ သို့သော် လူတို့၌ရှိသော အလိုရမ္မက်သည်ကား သစ္စာမှအမြဲသွေဖည်ကာရှိပါသည်"

"အမောင် အဓိပ္ပာယ်နက်ကို ဆိုစမ်းပါဦး..."

"အရှင်မင်းကြီး၊ ကာမဘုံသားတို့၌ ဝတ္ထုပစ္စည်းများ၌ အလိုရမ္မက်၊ မိန်းမတည်းဟူသော အလိုရမ္မက်ဟူ၍ ရှိပါသည်။ ၎င်းကို ပညာရှိတို့၏ စကားအရ ဝတ္ထုကာမ၊ ကိလေသာကာမဟူ၍ ခေါ်ပါသည်။ ဥစ္စာပစ္စည်း၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ လယ်ယာမိုးမြေ၊ ရွှေငွေ၊ ရွှေနန်းစည်းစိမ်စသည်တို့၏ အပေါ်၌ အလိုရမ္မက်ကြီးလာသည်ရှိသော် ထိုသူသည် တည်ကြည်ခြင်းမှ ယုတ်လျော့လာ၍ သစ္စာတည်ဖို့ ခဲယဉ်းပါသည်။ ထိုသို့ ဝတ္ထုပစ္စည်းတို့၌ ရာထူးရာခံစည်းစိမ်၊ ရွှေနန်းစည်းစိမ်တို့၌ကား အလိုရမ္မက်သည် လူတိုင်းလောက်ပင် သည်းခံနိုင်ဖို့ရန် အလွန်ခဲယဉ်းပါသောကြောင့် ရာထူးရာခံ၊ ရွှေနန်းစည်းစိမ်တို့အတွက် သစ္စာတည်ဖို့ရန်သည် တည်သောသူ ရှိတတ်သော်လည်း အလွန်ခဲယဉ်းပါသည်..."

"အင်း... ဆိုပါတော့..."

"ထိုမိန်းမတို့၏အပေါ်၌ အလိုရမ္မက်သည်ကား သာ၍ ဆိုးပါသည်..."

mgyoe.com

mgyoe.com


"အင်း..."

"အရှင်မင်းကြီး၏ နန်းတော်၌ မိန်းမတို့၏ အလှထိပ်တင်ဖြစ်သော မိဖုရားကြီးတို့သည်လည်းကောင်း၊ မောင်းမမိဿံ မိဖုရားငယ်တို့နှင့် ကိုယ်လုပ်မောင်းမတို့သည် လည်းကောင်း ရှိကုန်၏။ ထို မတည်းဟူသော၊ (ဂါ) နတ်သမီးတမျှ အဆင်းရှိ၍ ခါးသေးရင်ချီ၊ ကိုယ်လက်အင်္ဂါမှစ၍ မိန်းမဥက္ကဋ္ဌပီလှသော မိန်းမရတနာတို့၌ အလိုရမ္မက်သာ မရှိရာသလော၊ အလိုရမ္မက်မည်သည် မိန်းမ၏ အရုပ်အဆင်းအသံ၊ အထိအတွေ့မှုတို့၌ အကြီးဆုံးဖြစ်ချေသည်။ ထိုအလိုရမ္မက်ထုံလာသည်ရှိသော် သစ္စာရှိသော သူ အလွန်ရှိခဲလေသည်..."

"အင်း ဆိုဦး အစ်ကို..."

"အရှင်မင်းကြီးသည် အရှင်မင်းကြီးနှင့် အရုပ်အသွင် အဆင်းအင်္ဂါချင်း၊ ခွဲမရအောင် တစ်ထေရာတည်းတူညီသော သူအား မင်းကြီး၏ ကိုယ်စားပြု၍ လွှဲအပ်ခဲ့ပြီးလျှင် ရုပ်ဖျောက်၍လာခဲ့လေသည်။ ထိုသူ ပုရောဟိတ်သားကား မင်းကြီးပြု၍နေခဲ့သည်။ မိဖုရားကြီးလေးပါး၊ မိဖုရားငယ်များ၊ မောင်းမများတို့သည် ထိုပုရောဟိတ်သားကို မင်းကြီးဟူ၍ အမှတ်ရှိလေတော့မည်"

"အင်း..."

"ထိုသို့အမှတ်ရှိခြင်းဖြင့် မိဖုရားတို့သည် ဆွဲတော့မည်။ ငင်တော့မည်။ အရုပ်အဆင်းအားဖြင့် မိန်းမတို့၏ သဘာဝအရ မြူတော့မည်။ ထိုသူသည် အသို့လျှင် မပါရှိပါတော့အံ့နည်း။ ထိုသူသည် ပါရုံနှင့်မျှ မက ထိုမိန်းမမြတ်ရတနာတို့၌ စွဲလမ်းတပ်မက်ကာရှိနေပြီဖြစ်ခြင်းကြောင့် ဘုရင်မင်းမြတ်ဆိုသော ရွှေနန်းစည်းစိမ်သခင် အရှင်အဖြစ်ကို အသို့လျှင် မတပ်မက်မူ၍ သစ္စာတည်ပါတော့အံ့နည်း"

ဘုရင်မင်းမြတ်သည်ကား ယာစောင့်သမား တောတွင်းသား၏

mgyoe.com

mgyoe.com


စကားကိုကြားရသည်ရှိသော် ကျက်သရေရှိ၍ တည်ကြည်သောမင်း မျက်နှာတော်သည် ပါးပြင်းထောင်လျက်နေသည့် မြွေငန်းသည် ဆေးဒန်းခဲကို တွေ့ဘိသည်ကဲ့သို့ ချက်ချင်း ညှို့သန်းကာသွားလေပြီ။ မင်း၏ ဣန္ဒြေတော်သည် ပျက်လေတော့ပြီ။

ယာစောင့်သမားကား မင်းကြီး၏ ဣန္ဒြေတော်ကို မြင်ရလတ်သော် ဤသို့လျှင်စကားဆက်၍ဆိုပြန်၏။

"အရှင်မင်းကြီး၊ လူတစ်ယောက်သည် အမှုတစ်ခုကို မပြုလုပ်မီ စဉ်းစားဆင်ခြင်ထောက်လှမ်းရာ၏။ အမှုကိုလုပ်ပြီးနောက်မှ နောင်တ နှလုံးမငြိမ်လျက် မသက်မသာမရှိရာ မနေ့ကသည် မနေ့ကဖြစ်၍ နက်ဖြန်မည်ကဲ့သို့ဟု ယနေ့၏ ပြင်ဆင်မှုသည်သာလျှင်... လူတို့၏ အောင်မြင်နိုင်ရာ လမ်းကြောင်းပေတည်း။"

သောက္ကတဲဘုရင်အောင်နိုင်မင်းကြီးသည် ထိုကဲ့သို့ ယာခင်းစောင့် ၏ စကားကြောင့် တုန်လှုပ်ခြင်းဖြစ်လာသဖြင့် ချက်ချင်းပင် ယာသမား ကို နှုတ်ဆက်ပြီးသော် ရသေ့၏ကျောင်းသို့ပြန်လာခဲ့လေ၏။

မင်းကြီးအောင်နိုင်သည်ကား ရသေ့၏ ကျောင်း၌ ရသေ့ကို မတွေ့ရ၊ ရသေ့ကား သစ်သီးအလို့ငှာ တောသို့ ဝင်ဟန်ရှိ၏။ ဤရသေ့ ၏ သာယာတင့်တယ်သလောက် ငါ၌ကား မသာယာ၊ မသာယာသော ငါ၌ အဘယ်မည်သော တင့်တယ်ခြင်းသည် ရှိအံ့နည်း။ ရသေ့သည် ကြောင့်ကြစိုးရိမ်ဖွယ်မရှိ။ သခ်မ်းကို မပိတ်ဘဲ တောတွင်းသို့ဝင်ကာ လှည့်လည်ဘိ၏။ ရသေ့ကား အေးချမ်းလေစွဟု မင်းကြီးသည် အောက်မေ့သော်လည်း ဝတ္ထုကာမ၊ ကိလေသာကာမတို့၏ နှောင်ဖွဲ့ ဆွဲငင်နေခြင်းကြောင့် ပိတ်မှောင်လျက် မြင်းကိုပြင်ပြီးသော် ပြည်တော် သို့ ပြန်လေ၏။

မင်းကြီးသည် နေလုံးပျောက်လတ်သော် ပြည်တော်သို့ဆိုက်

mgyoe.com

mgyoe.com


အပ်သည်ကို ကိုင်တွယ်သည်။ ငါသည် ယခုအခါ၌ မကျုးကျော်အပ်သော မိန်းမတည်း၊ မင်းကြီးသည် ကျုးကျော်သည်။ မိဖုရားငယ်တို့သည်လည်း မဖွယ်မရာ ငါ့အားတိုင်တန်းကြသည်။

ငါတို့၏ မင်းကြီးဆိုသူသည် မင်းကြီးပင် ဟုတ်ပါ၏လော။ ယမန်က ငါတို့မင်းကြီးသည် တော်သလင်းလရာသီ၏ သာယာသောတောတောင်ကို နှစ်ခြိုက်စွာ ချီးမွမ်းခဲ့လေပြီ။ ပညာရှိသုခမိန် အရှာထွက်မည်ဟုလည်း ပြောဖူးသည်။

ငါသည် ဤသို့လည်း ကြားဖူးသည်။

မင်းကြီး၏ ပုရောဟိတ်သား ကြေတက်သည် ငါတို့၏ မင်းကြီးနှင့် တစ်ထေရာတည်း စံပယ်တင်မှဲ့၊ ပါခြင်းပင် တူသည်ဟုပြောကြသည်။ မင်းကြီးသည် ကြေတက်ကိုများ ထီးနန်းကို ခဏလွှဲအပ်၍ တောဝင်ကာ ပျော်နေရော့သလား။

လူတို့မည်သည် ရုပ်အင်္ဂါအသွင်အပြင်ချင်း တူသော်လည်း လက္ခဏာအရေးအကြောင်း၊ ခြေခဏာအရေးအကြောင်းတို့ကား တစ်ဦးနှင့်တစ်ဦး မတူချေ။ လက္ခဏာအရေးအကြောင်းတို့ကား ဇာတိမျိုးကိုပြပေသည်။ ခြေခဏာအရေးအကြောင်းတို့ကား ဘုန်းပညာ၏ အခြေခံဖြစ်သည့် ပါရမီစ၊ ကံစကိုပြပေသည်။ ထို့ကြောင့် လူဆင်ချင်းတူစေကာမူ အကျင့်ချင်းကား မတူကြချေ။

ငါတို့၏ မင်းကြီးကား သိမ်မွေ့ပြေပြစ်၍ မြင့်မြတ်သော အကျင့်ရှိခဲ့သည်။ ကာမသံဝါသမှု၌ ငမ်းငမ်းတငင်မရှိခဲ့။ မိန်းမတို့၏ အပေါ်၌ တည်သောက္ကန္ဒေတော်ရှိခဲ့သည်။ ယခုသော်ကား အဆင်တူသော်လည်း အမူကွဲချေသည်။ မင်းကြီးအစစ်မှ ဟုတ်တန်ပါ၏လော။

မိဖုရားခေါင်ကြီးသည် ထိုနေ့၌ ထိုကဲ့သို့ စိတ်တော်ဝင်စားကာ သုံးသပ်လျက် ထိုနေ့ထိုညသော် ကျည်းသေကို စောစောကပင် ပိတ်ထား

mgyoe.com

mgyoe.com


လေ၏။

မင်းကြီးအောင်သူသည်လည်း နောက်တစ်နေ့ မိုးစင်စင်လင်းလတ်သော် မုန့်ဖိုဒ္ဓ မုန့်ကြော်များကို ပွဲတော်စာပြုလုပ်ကာ သုံးဆောင်ပြီးနောက် မိမိ၏ နန်းတော်သို့ရောက်လေရာ ညီလာခံစဲစဖြစ်၏။ နန်းတော်၌ တံခါးဗိုလ်သည် မင်းကြီးကို တံခါးနီးသို့ဝင်ခွင့်မပြုဘဲ တားထား၏။ မင်းကြီးလည်း ဤသို့ဆို၏။

"ဟယ် တံခါးမှူး၊ ငါကား အသင်တို့ရဲ့ မင်းကြီး မင်းမြတ်အောင်နိုင်တည်း တံခါးကို ဖွင့်လော့"

"ဟယ် တောတွင်းသား၊ နင်ကား အသူနည်း၊ ငါတို့၏ မင်းကြီးအောင်နိုင်သည် နန်းတော်ပေါ်၌ စံပျော်ကာ ရှိနေပါလျက် ဘယ်က မတော်မတန်စကားကို လာရောက်ဆိုဘိသနည်း၊ တံခါးနားကို မကပ်နှင့်၊ ဆုတ်လော့"

"ဟယ် တံခါးမှူး၊ ငါကား မင်းကြီးအစစ်၊ အသင်တို့ရဲ့ နန်းတော်ပေါ်၌ ယခုရှိနေသော မင်းကြီးကား မင်းကြီးအတု။ ငါ့အား တံခါးနီကို ဖွင့်ပေးလော့"

"ဟယ် လူမိုက်၊ မင်းကြီးအစစ်၊ မင်းကြီးအတုဟုရှိရာသလော။ မကြားစဖူး၊ အင်မတန်ထူးတဲ့ လူမိုက်၊ နင်ခေါင်းပြတ်ချင်သလား"

"တံခါးမှူး၊ သင်တို့မင်းကြီးဆိုသူအား၊ သွားကာတင်လော့၊ မင်းကြီး အောင်နိုင် အစစ်ရောက်လာပြီ။ တံခါးနီကို ဖွင့်လော့လို့၊ တင်လော့..."

တံခါးမှူးထံမှ လူပျိုတော်တစ်ယောက်သည် တံခါးမှူး၏ အမိန့်အရ မင်းကြီးထံသွားရောက်တင်လေရာ မင်းကြီးတုဖြစ်သော ကြံတက်ရသည် နန်းရင်ပြင်မှ ရပ်တည့်၍ ဤသို့သောမင်းသံဖြင့် ဆိုလေ၏ ။

mgyoe.com

mgyoe.com


"ဟယ် တံခါးမှူး၊ ငါမင်းရှိလျက် ဘယ်ကမင်းပေါ်လာရဘိသနည်း။ လူရှူးကိုဖမ်း၊ သံခြေချင်းခတ်၊ ရုံးတင်။"

ထိုသို့သောအသံကို မင်းကြီးအောင်နိုင်သည် ကြားရလတ်သော်မဟန်သဖြင့် မြင်းပေါ်သို့ အမြန်တက်ကာ ဒုန်းစိုင်း၍ ထွက်ခွာသွားရလေ၏။

မင်းကြီးသည် မြင်းတော်ကိုစိုင်းလျက် အရှေ့တံခါးမှထွက်တော်မူ၍ ခရီးအနည်းငယ်ရောက်သောအခါ တစ်ခုသော လူဆိတ်ရာ ညောင်ညိုပင်ကြီးအောက်၌ နားနေသော မိန်းမသူနှစ်ယောက်ကို မြင်သဖြင့်ထိုအနီးသို့ ချဉ်းကပ်သွားလေရာ အလွန်အံ့အားသင့်ခြင်းနှင့်တကွရင်တွင်ဆို့တစ်သွား၍ တံတွေးသည် အာခံတွင်း၌ ခြောက်ကပ်သွားလုမတတ် ဖြစ်လေ၏။

အကြောင်းသော်ကား မင်းကြီးသည် မိဖုရားကြီး မြထိပ်ပန်းနှင့်ကိုယ်လုပ်တော် မောင်းမငယ်တစ်ယောက်ကို မမျှော်လင့်ဘဲနှင့် ပက်ပင်းပါ တွေ့ရသောကြောင့် ဖြစ်လေ၏။

မိဖုရားကြီးလည်း မင်းကြီး၏ ခြေတော်စုံကို ဖက်လျက် ရှိုက်ကြီးတငင်နှင့် ငိုနေလေ၍ မင်းကြီးသည် မိဖုရားကြီးကို ဤသို့ နှစ်သိမ့်စေတော့၏။

"ခေါင်ကြီး၊ လောက၏ဖြစ်ပျက်ရမည့် တရား၌ လောကသားမည်သည် တွေ့ဆုံရမြဲတည်း။ သည်းခံတော်မူပါလော့..."

"ကိုယ်တော်ဘုရား၊ ဘုန်းဘုရားနှမတော် သည်းမခံနိုင်ပါဘုရား..."

"ဟုတ်ရိုးလား နှမတော်၊ သဘောဟူ၍ ဖြေဖျော်မှပြေတော်မူနိုင်သည်..."

"ကိုယ်တော်အရှင်သည် လောကသားအားလုံးတို့ မပြုသော၊ ပြုမြဲ

mgyoe.com

mgyoe.com


မဟုတ်သော အမှုတော်ကို ဆန်းကြယ်စွာ ပြုတော့သည်။ လွန်ပြီး ယခု၊ နောင်၌ပြုမြဲ၊ ပြုအပ်သော အမှုမဟုတ်သည်ကို ကိုယ်တော် အရှင်သည် မိဖုရားမောင်းမမိဿံတို့ကိုလည်းကောင်း၊ နိုင်ငံတော်ကိုလည်းကောင်း နှိပ်စက်ညှဉ်းပန်းရာရောက်အောင် ပြုတော်မူလေပြီ။ ကိုယ်တော်အရှင်သာလျှင် အားလုံးတို့ကို နှိပ်စက်ရာရောက်ပေတော့ပြီ...."

"အဘယ်မိဖုရားခေါင်ကြီး၊ ဤသူတို့ကား အတတ်ပညာရှိ၏။ ထိုသို့ရှိမှုဖြင့် ကတိသစ္စာမြဲလျက် မပြုအပ်သောအမှုကိုမပြု၊ တရားကို စောင့်ထိန်းသတတ်ဟု လူတိုင်းကဲ့ရဲ့ဖွယ်သော အမှုကို မောင်တော် ပြုမိခဲ့ချေပြီ"

"ကိုယ်တော်ဘုရား..."

"မိန့်တော်မူထိပ်ထား..."

"အဘယ် ပညာရှိရုံနှင့် ကတိတည်လိမ့်မည်၊ သစ္စာရှိလိမ့်မည်ဟု မထင်ရာ..."

"အင်း၊ မောင်တော်ဟာ ဒါကိုသတိမပြုမိပါ..."

"အတတ်ပညာရှိသောသူသည် တင်းတိမ်ရောင့်ရဲခြင်း မရှိပါမူ လောဘ၌လည်းကောင်း၊ ဒေါသ၌လည်းကောင်း၊ မာန၌လည်းကောင်း သူတစ်ပါးထက် ပိုမိုလွန်ကဲလာ၍ သစ္စာလည်းမရှိ၊ ကတိလည်း မတည် ဖြစ်ပြီးသော် မကောင်းမှု၌ ရှက်ကြောက်ခြင်းမရှိဘဲ အလွန်ရဲရင့်တတ်ပါသည် ဘုရား..."

"အင်း... ထိပ်ထား၊ မောင်တော် သည်လိုမချိန်မဆမိ။ မောင်တော်ရဲ့ အမှားသာပါ၊ အရှက်အကြောက်မဲ့ ကျော်နင်းပြီလား..."

"ကိုယ်တော်ဘုရား..."

"ထိပ်ထားမိန့်တော်မူ..."

"ကိုယ်တော်ဘုရား၊ သူယုတ်မာသည် သစ္စာတော်ကို မထောက်

mgyoe.com

mgyoe.com


အရှက်အကြောက်မဲ့နှင့် ပတာတော်ကို ကျူးကျော်စော်ကား၍ အရာတော်ကို မှူးမော်ပျော်ပါးနေတော့ပြီ ဘုရား…"

မင်းကြီးအောင်နိုင်သည် လက်စွဲတော် သံလျက်ကို ချက်ချင်းဆွဲကိုင်၍ မြင်းတော်ပေါ်သို့ တက်တော့မည်အပြုတွင် မိဖုရားကြီးလည်း ယိုရွဲသော မျက်ရည်တော်နှင့် ဤသို့လျှောက် တားဆီးတောင်းပန်တော်မူလေ၏။

"ကိုယ်တော်ဘုရား၊ ဒေါသလွန်လျှင် ကျွံတတ်ပါ၍ ရန်သူကို မနွံစေနိုင်ပါဘုရား၊ သည်းခံတော်မူ၍ အခါအခွင့်ကို ဆိုင်းလင့်တော်မူပါ…"

"သူယုတ်မာရန်ကို၊ မောင်တော်ဖြိုဖျက်တော်မူမည်"

"သည်းခံတော်မူပါဘုရား၊ ကိုယ်တော် ထိပ်တင် ရွှေနန်းရှင်မှာ အားတော် တစ်ကိုယ်တည်းပါ…။ သူ့မှာသော်ကား များလှဗိုလ်ခြေ၊ ဗိုလ်ခြေမှူးမတ်၊ တပ်တော်အထပ်ထပ်က သူယုတ်မာကို ကိုယ်တော်မြတ်သာ စွဲနေပါကြောင့် အရေးတော်ယွင်းစရာရှိကြောင်းပါ ဘုရား"

"ထိပ်ထား…"

"ဘုရား…"

"ယခုထိပ်ထားသည်၊ ဘယ်ဆီသို့ မြန်းမည်ဟု လမ်းသို့ထွက်လာတော် မူပါသလဲ…"

"ကိုကိုဘုရား၏ မန်းနေရွှေပြည်တော်သို့ ရည်ရော်၍ ထွက်လာခဲ့ကြောင်းပါ ဘုရား"

ဘုရင်မင်းမြတ်လည်း လက်စွဲတော် ဖောင်းဝတ်စိမ်း မြင်းတော်ပေါ်သို့ တက်ရန် မိန့်တော်မူသောအခါ မိဖုရားကြီးလည်း ကိုယ်တော်၊ မြင်းတော်ကား မောင်တော်ဖြစ်ချေသည်၊ စီးရန်မသင့်ပါဟု ပယ်တော်မူသဖြင့် မင်းကြီးသည် မြင်းကိုဆွဲလျက် မိဖုရားကြီး၊ ကိုယ်လုပ်တော် နှင်းဆီနှင့်

mgyoe.com

mgyoe.com


အရှေ့ပြင် ညောင်ညိုပင်ရိပ်မှ ဖြည်းညင်းစွာထွက်ခွာသွားတော်မူလေ၏။

ထိုသို့ မင်းကြီးနှင့် မိဖုရားကြီးသည် ဖြည်းညင်းစွာသွားကြ၍ ညနေစောင်းသောအခါ တဲကြီးတစ်ခုသို့ ချဉ်းကပ်မိကြသဖြင့် တဲကြီး၏ ရှေ့၌ရပ်ကာနေကြ၏။

ထိုအခါ နှင်းဆီသည် မိဖုရားကြီး ရေဆာတော်မူသဖြင့် ရေကြည် တော်အလို့ငှာ ထိုတဲကြီးထဲသို့ သွားရောက်လေရာ တဲကြီးထဲမှ ဦးကိုင် လူကြီးသည် အလွန်အံ့ဩသောသဘောနှင့် ဤသို့ဆိုလေ၏။

"အလို မမနှင်း၊ ချစ်သူနှင့် လိုက်ပြေးလာသလား..."

"ဟော... ဗိုလ်မိုးညို..."

"နေစမ်းပါဦး၊ ချစ်သူကိုရော ခေါ်ခဲ့ပါ..."

"ဘယ်ကချစ်သူလဲ"

"ဒါဖြင့် ဘယ်လိုရောက်လာသလဲ..."

"လင်ရှာရှင့် ကတဲ၊ ကောင်းကောင်းမေးတာ မဟုတ်ဘူး..."

"ဒါဖြင့် မိန့်တော်မူစမ်းပါ..."

"ဘုန်းတော်ကြီးဘုရား၊ ထိပ်ထားဖုရားနှင့်..."

"ဘာ... ဘာ... ဘာ... ဘာ..."

"ဘုန်းတော်ကြီးဘုရား၊ ထိပ်ထားဖုရားနှင့် ပါလာတယ်"

"ဘယ်မလဲ ဘုန်းတော်ကြီးဘုရား..."

"ဟောဟိုလမ်းပေါ်မှာ..."

"တပ်တောင်တာ ဗိုလ်ထုကော..."

နှင်းဆီကား ဘာမျှမပြောဘဲ ငိုတော့၏။

"ခက်တယ်..."

ထိုသို့ပြောဆို၍ ဗိုလ်မိုးညိုသည် မင်းကြီးနှင့် မိဖုရားကြီးထံတော် သို့ သွားရောက်ပြီးသော် ဒူးထောက်လျက် ရှိသေစွာ မိမိ၏ တဲအတွင်း

mgyoe.com

mgyoe.com


သို့ ပင့်ခဲ့လေ၏။

ဗိုလ်မိုးညိုသည် မင်းကြီးနှင့် မိဖုရားကြီးတို့အား ရေကြည်တော် ဆက်သပြီးလျှင် အကြောင်းကိုလျှောက်ထားမေးမြန်းလတ်သော် မင်းကြီးလည်း ပြောတန်သင့်သော အကြောင်းကိုပြောပြလေရာ ဗိုလ်မိုးညို သည် ဤသို့တင်လေ၏။

"ရွှေဘုန်းတော်အရှင်ဘုရား။ ဤတဲကြီးကို ခေတ္တယာယီတဲနန်း တော်အဖြစ်နှင့် အခွင့်မသင့်သောအခါတွင် စံနေတော်မူပါ။ ကျေးတော် မျိုးသည် ဤသူယုတ်မာကိုဖမ်း၍ ရွှေလက်တော်ရောက် ဆက်သပါမည် ဘုရား"

"ဗိုလ်မင်း..."

"ဘုရား..."

"ခုတစ်ခါတော့ ဗိုလ်မင်းဟာ ထိပ်ထားရဲ့ တောင်းပန်စကားကို နားချိုစေချင်ပါတယ်..."

"ဦးတည့်ရပ်ပါ ဘုရား..."

"ထိပ်ထား အိမ်ရှေ့တော်မှာရှိစဉ်က ခမည်းတော်ဘုရားထံ နန်းရင်း ဝန်ကြီး ဘိုးဘိုးနှင့် ပုရောဟိတ်တို့ ကတိုက်ကုန်းချော၊ ဝန်တိုသည့် သဘောနှင့် တင်ကြသဖြင့် ခမည်းတော်ဘုရားက တက္ကသိုလ်မှပြန်လာ လျှင် ပြန်လာချင်းခန့်အပ်တော်မူထားတဲ့ ရာထူးကချထားတယ်နော်"

"မှန်လှပါ..."

"သည်တော့ ကိုယ်တော်နှင့်ထိပ်ထားဟာ ဗိုလ်မင်းကိုခေါ်ပြီး အိမ်တော်မှာပဲ အေးအေးနေပါလို့ ပြောခဲ့တယ် မဟုတ်ပါလား..."

"မိန့်တော်မူပါတယ်..."

"ဗိုလ်မင်းသဘောမတူ၊ တောပုန်းဘဝနှင့် လူရည်ကိုသွေး မည်လို့ ဆိုတယ်၊ ထိပ်ထား အတန်တန်တောင်းပန်တယ်နော်..."

mgyoe.com

mgyoe.com


"မှန်လှပါ..."

"ဗိုလ်မင်းသဘောမတူ၊ ကိုယ်တော်နှင့်ထိပ်ထားမသိရအောင်၊ တိတ်တဆိတ် ထွက်သွားကာ တောထဲမှာ လူကြမ်းအဖြစ်နှင့် ရမ်းကား ပျော်ပါးနေတယ် မဟုတ်လား"

"ဟုတ်ပါတယ်..."

"ကိုယ်တော်ဟာ ခမည်းတော်ဘုရား နေမျိုးပီသစွာ မယ်တော် ဖုရား ကံတော်ကုန်တော့ ဈာန်ယဉ်ကစားကာ ပျော်မွေ့တော်မူဖို့ တော ထွက်သွားရာ၊ ဘုရင်အဖြစ်ကို ဆက်ခံတော်မူရတယ်..."

"မှန်လှပါ..."

'အဲသည်တော့ ဗိုလ်မင်းမရှိလို့ ကိုယ်တော်မှာ ယုံကြည်ကိုးစား အားထားရတဲ့ စစ်သူကြီးကင်းမဲ့နေပါတယ်..."

ဗိုလ်မိုးညိုသည် တွေ၍ငိုင်ကာနေတော့၏။ မိဖုရားလည်းဆက်၍ ဤသို့မိန့်တော်မူလေ၏။

"သို့ကလိုရှိနေတာနှင့် ဗိုလ်မင်းထံ ကိုယ်တော်က အတန်တန် လူလွှတ်၊ သဝဏ်တော်ထောက်နှင့်ခေါ်တော်မူသော်လည်း ဗိုလ်မင်းသည် မလာမဝင်..."

"တင်ပါရစေဦးထိပ်ထား..."

"ဆိုပါ၊ ဗိုလ်မင်း..."

"ဘုန်းတော်ကြီးဘုရားက သဒ္ဒါတော်မူသည်မှာကား မှန်လှပါ သည်။ သို့သော် နေပြည်တော်က လီဆယ်ခြင်းဖြင့် ကောက်ပင်ရိတ် လှီးသဘောပြုကျင့်သည်ဟု... ကျေးတော်မျိုးထံ စာတမန်အထပ်ထပ် ရောက်နေပါသည်။ ထိုသို့သော သဘောကြောင့် ကျေးတော်မျိုး ငမိုးညို အပြန်ပြန်အလှန်လှန် စဉ်းစားမိခြင်းဖြစ်၍ အချိန်ကုန်ဆုံးခဲ့ခြင်းပါ ထိပ် ခေါင်တင်ဖုရား..."

mgyoe.com

mgyoe.com


"ဗိုလ်မင်း၊ ယခုလိုရှိနေတော့ ကိုယ်တော်ဟာ စိတ်တော်တွင် တရိပ္ပတ်ပွတ်နှင့် အဘယ်ကဲ့သို့ရှိနေမလဲ၊ ကိုယ်တော် ဗိုလ်မင်းအား မိန့်တော်မူပါ..."

"ထိပ်ထား မနေ့က သည် ယနေ့မဟုတ်တော့ပေ..."

"ရွှေဘုန်းတော်ရှင်ဘုရား၊ မိန့်တော်မူသင့်သည်ကို မိန့်တော်မူပါဘုရား..."

"မိုးညို၊ မင်းကိုငါ ဘာမှမပြောချင်၊ မင်းကိုသာ ငါသတ်ချင်တာပဲ..."

"ကိုယ်တော် အသက်ကို အပ်ပါသည်..."

ဘုရင်မင်းဆိုသူ အောင်နိုင်နှင့် မိုးညိုသည် တစ်ယောက်ကို တစ်ယောက်ဖက်နွဲ့တကင်ပြုကာ ငိုကြွေလေတော့၏။

အောင်နိုင်နှင့်မိုးညိုသည်ကား တက္ကသိုလ်တွင် ပညာတော် အတူသင်ကြားလာခဲ့ရာ အလွန်ချစ်ကျွမ်းဝင်သူနှစ်ဦးဖြစ်ချေသည်။ သို့သော် မိုးညိုသည် သာမန် သစ်ခုတ်သမား၏သား ဖြစ်လေသည်။

အောင်နိုင်သည်ကား မိုးညိုကို ညီတော်အရင်းနှင့်မခြား သဘောထားလျက် ချစ်ခင်စွာ ပေါင်းသင်းနေထိုင်လာခဲ့ပေသည်။ မိုးညိုသည်လည်း မင်းသားကချစ်ခင်သမှုနှင့် ဦးစားပေးသဖြင့် ကမ်းမတက်၊ အခါခပ်သိမ်းအရာထား၍ နေထိုင်လာ၏။ တက္ကသိုလ်၌ မင်းသား၏ အမှုတော်ကို ငယ်ကျွန်တော်များနှင့်မခြားအောင် ဆောင်၏။ မိမိ၏ တိုင်းပြည်မှ မင်းသားဖြစ်ခြင်းကြောင့် အထူးထားကာ အရာပေးခဲ့၏။

တက္ကသိုလ်ကပြန်လာသောအခါ အောင်နိုင်သည် မိုးညိုကို နေပြည်တော်သို့ခေါ်၍... ခမည်းတော်ထံတွင် တင်လျှောက်ထားခြင်းကြောင့် မိုးညိုသည် အတတ်ပညာ၌ ကောင်းစွာတတ်မြောက်၍... စစ်မှူး၊ ရာမှူးနှင့် ချီးမြှင့်မြှောက်စားလေ၏။

mgyoe.com

mgyoe.com


ထိုသို့ ချီးမြှင့်မြှောက်စားသည်ကို... မှူးဟောင်း မတ်ဟောင်းတို့သည် မိုးညိုသည် ထင်းခုတ်သမား၏သားဖြစ်ခြင်းကြောင့် မနှစ်လိုကုန်။ ပုရောဟိတ်သည်ကား မိမိ၏သားကြဲတက်ကို တက္ကသိုလ်ပြန်ဖြစ်ပါလျက် မင်းကြီးသည် အထူးအရာသွင်းကာ မချီးမြှင့်သဖြင့် မိုးညို၏ အပေါ်၌ ဝန်တိုကာ မျက်မုန်းကျိုးလျက်ရှိသည်အတိုင်း၊ ဘုရင်မင်းမြတ် ထံကုန်းချော၍ ရာထူးမှကျစေခဲ့လေသည်။

မိုးညိုသည် ထိုသို့သော မိုးညိုဖြစ်သည်။

မိုးညိုသည် ဘုရင်မင်းမြတ်နှင့်မိဖုရားထံ... လျှောက်ထားသည်ကို မိဖုရားကြီးသည် ဤသို့မိန့်တော်မူလေ၏။

"ဗိုလ်မင်း၊ ဗိုလ်မင်းသည်ကား ကိုယ်တော်သို့ထိပါးတာကို မခံနိုင်လို့ တင်ခြင်းဟာ လျော်ကန်သင့်မြတ်ပေတယ်။ ထင်တဲ့အတိုင်းလည်း သူယုတ်မာကို အောင်နိုင်ကာ ဖမ်းယူနိုင်မယ်ဆိုတာကို ယုံကြည်ကိုးစားပါတယ်။ သို့သော် အရေးကိုမြော်မြင်ကာကြည့်ရမယ်..."

"မိန့်တော်မူပါ..."

"ကိုယ်ကျိုးစီးပွားနှင့် ကိုယ်ကောင်းစားမှုကိုသာ လိုသောသူသည် သူတစ်ပါး၌ တွေ့အံ့သော၊ ကျရောက်အံ့သော ဘေးအန္တရာယ်ကို မမြင်၊ မြင်သော်လည်း မိမိ၏အောင်မြင်ခြင်းပန်းတိုင်သို့ ချီတက်ရန်... ပန်းခင်းလမ်း၊ ခင်းနိုးပျောက်လမ်းမျှသာဟု အောက်မေ့တတ်သည်။ ထို့ကြောင့် ထိုသူ၊ ထိုသဘောကို သူယုတ်မာဟု ထိပ်ထားဆိုသည်။ ဗိုလ်မင်း မည်သို့ သဘောထားပြုအံ့နည်း..."

"ထိပ်ထား၏ အမိန့်တော်ကို... ဦးထိပ်ပန်ဆင်မိပါပြီ ဘုရား..."

"ဗိုလ်မင်း၏ စွမ်းရည်ဂုဏ်ထူးကို ကိုယ်တော်က မိန့်တော်မူဖူး၍ ထိပ်ထားလည်းသိပြီ၊ ထိပ်ထားလည်း အားကိုးသည်။ အားကိုးသည် အတိုင်း အောင်မြင်မည်ဟု ထိပ်ထားယုံစားသည်။ သို့သော် စစ်နှစ်ဖက်

mgyoe.com

mgyoe.com


ပြိုင်၍ ထိုးသည်ရှိသော် နောက်လိုက်ဗိုလ်ပါ တိုင်းသူပြည်သားများ ပင်ပန်းနွမ်းရိမည်။ သေကျေပျက်စီးမည်။ တိုင်းပြည်ထောင်းထောင်း ညက်ညက်ကြေမည်။ ထိုအမင်္ဂလာအပေါင်းတို့ကို သူယုတ်မာအား လက်စားချေခြင်းဖြင့် လည်းကောင်း၊ ကိုယ်၏စည်းစိမ်၌ တည်စိမ့် သောငှာ လည်းကောင်း လိုရာသလော။ အလိုရှိခြင်းဖြင့် မစင်တွင်းသို့ ခုန်ဆင်းသောသူနှင့် အဘယ်ကြောင့် မတူရာသလဲ။ ဤသည်ကိုလည်း ထည့်သွင်းစဉ်းစားရပေလိမ့်မည် ဗိုလ်မင်း..."

မိုးညိုကား မျက်ရည်စက်လက်နှင့် ခေါင်းငုံ့နေလေတော့၏။ မိုးညို ကား မိမိ၏ ပြည့်ရှင်မင်းကြီးကို လေးစားမြတ်နိုးသူဖြစ်ခြင်းကြောင့် တောတွင်းရှိသူ၏ တဲတွင်း၌ ပျော်စေလိုသည်။ အမင်္ဂလာအပေါင်းတို့ကို ရပ်တန့်စေလိုသည်။ ထို့ကြောင့် နှင်းဆီထံသို့ ဒုံမင်းတစ်ခုကို ယူလာစေ ၏။ အသီတော် အမျိုးကလေးတစ်ယောက်လည်း မကြာမီရောက်လာ မည့်အကြောင်းကို နှင်းဆီအားပြောပြ၍ နှင်းဆီလည်း ဤသို့ဆို၏။

"ကိုမိုးရယ်၊ ကျွန်မမှ စိတ်မကောင်းဘဲ..."

"အဲဒါ ခင်ဗျားခက်တာပဲ၊ ခင်ဗျား စိတ်မကောင်းရင် ဘုရင် မင်းမြတ်နှင့် မိဖုရားကြီးကို မြန်မြန်နတ်ရွာပြောင်းစေတာနှင့် အတူတူ ပဲဗျ..."

"အင်း ဒါလည်း ဟုတ်တယ်။ ပူသူကိုကူပြီးပူရင် ချစ်ကျွမ်းပြီး ပြာကျဖို့ရာသာရှိတာကို သိပါတယ်။ ဒါပေမဲ့..."

"စိတ်ပြောင်းဗျာ၊ ပျော်ပျော်ပေါ့၊ တွေ့ရသမျှအကြောင်း အကောင်း ချည်းလို့ သဘောပြုပါ..."

"ကျွန်မ စိတ်ပြောင်းမယ်ရှင်..."

* * *

mgyoe.com

mgyoe.com


ညအချိန်သော် တောကြီးသည် တိတ်ဆိတ်၍ တောထဲရှိ ပိုးမွှားတို့၏ စီစီသာသာသောအသံတို့နှင့် စိတ်နှလုံးကို နှောက်ကျူဖွယ် ဖြစ်နေလေ၏။ ထိုသို့သော တောအရေးတွင် ပိုးမွှားကြူးတို့သည် ပျံ့ဝဲကာ ရှိနေကြခြင်းကြောင့် တဝင်းဝင်းတောက်ပကာ တောကလေး၏ ညသဘာကို တင့်တယ်စွာ သာယာတင့်တယ်စေဘိသကဲ့သို့... ရှိနေလေ၏ ။

ထိုအတွင်း နှင်းဆီ၏အလွန်သာယာသော ဒုံမင်းသံသည် လေထဲတွင် ပျံ့လွင့်ခြင်းဖြင့် ပေါ်လာလေ၏။ ထိုဒုံမင်းသံနှင့်အတူ ချိုအေးသာယာလှသော... သီချင်းသံသည်လည်း ကြည်အေးကာလွင့်ထွေးလျက်ရှိလေဘိတော့၏။

ထိုသီချင်းသံ၏ အဓိပ္ပာယ်ကား ဤသို့လျှင်ကတည်း။

ဤတောစပ်ကလေး ညဥ့်ဦးယံအချိန်သည် တောပိုးမွှားကလေးကို နတ်ညင်းပမာ တူရိသံဖြင့် သာယာသံဖြင့် သာယာလှပါဘိသည်။

တောစိုး နတ်သမီးကလေးများသဖွယ် ပိုးစုန်းကြူးတို့သည် တောက်ပစွာသောအရောင်အဝါတို့နှင့် လေလဟာပြင်တွင် ကလျက်ရှိနေတော့သည်။

ဤတောစပ်ကလေး၏ ချီးကျူး၍ မကုန်မဆုံးနိုင်သော စည်းစိမ်အား ဇမ္ဗူဒီပါက ကျွန်းလုံးကို အစိုးရသော စကြာမင်း၏ စည်းစိမ်သည်ပင်လျှင် မီဖို့ရန် ခဲယဉ်းပေတော့သည်။

အလွန့်အလွန်သာယာလှသည့် ညဦးယံတောစပ်ကလေး၊ သင်၏ ငါ့အား အသုံးခံသော မင်္ဂလာသည် နှစ်မြို့ဖွယ်ရှိလှပါဘိတကား။

ဗိုလ်မိုးညို၏ တောနေတပ်သားတို့သည်ကား မင်းကြီးနှင့် မိဖုရားကြီးကို ညဥ့်အိပ်ဖန်မြဲကြလေတော့သည်။

ဗိုလ်မိုးညိုကား တောတွင်းမင်းတစ်ပါးဖြစ်နေ၍ နံနက်ချိန်သော်

mgyoe.com

mgyoe.com


ယောကျ်ားနှစ်ယောက်၊ မိန်းမသုံးယောက်တို့ကို ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့အား ပြုစုရန်မှာကြားထားခဲ့ပြီးသော် မိမိ၏ပိုင်နက် သစ်တော အတွင်းသို့ ကြည့်ရှုရန်လေးမြတ်တို့ကို အသင့်စွဲကိုင်လျက်... တောတွင်း သို့နောက်ပါမြင်းစီးတပ်သား ငါးယောက်နှင့် လှည့်လည်နေ၏ ။

ဗိုလ်မိုးညိုကား ဉာဏ်ကြီးပုံပေါ်၍ လူစွမ်းလူစလည်း များစွာရှိ ပုံရလေ၏။ ၎င်းအား ဘုရင်မင်းမြတ်ကြီးသည် တစ်ဖက်သော မှူးမတ် စုတို့၏ ဝန်တိုမှုကြောင့် ရာထူးမှရှုတ်ချလိုက်သောအခါ မြို့မှထွက်ခဲ့၍ တောအုပ်တစ်ခုတွင် ဝင်ရောက်ကာ အလုပ်လုပ်ကာရှိနေလေ၏။

ထိုသို့ ၎င်းသည် သစ်တောနှင့်ဆိုင်ရာ အလုပ်များကို လွတ်လွတ် လပ်လပ်နှင့် လုပ်နေ၍ မည်သူမှ အခွန်မတောင်းနိုင်၊ တောင်းမည့်သူ လည်း မရှိသဖြင့်... တစ်စတစ်စ နောက်လိုက်နောက်ပါ တပည့် တပန်းတို့... တိုးပွားလာပြီးသော် လူနေတဲစုကလေးများသည် သစ်တော အတွင်း၌ တည်ရှိလျက် လူဦးရေ တစ်ရာခန့်ရှိလေ၏။

ထိုသူများကို ဗိုလ်မိုးညိုသည်... အုပ်ချုပ်ထိန်းသိမ်းကာထွက်၍ အလုပ်အကိုင်အားဖြင့် ပျော်မွေ့စေခြင်းကို ဖြစ်စေ၏။ ထိုလူစု မိန်းမ ယောကျ်ားတိုင်း တစ်ရာခန့်သည် ခေတ်အခါအလျောက် တိုက်ခိုက်ရေး အတတ်၌ ကောင်းစွာကျွမ်းကျင်ကြ၏။ စာအတတ်နှင့်လည်း... ကောင်းစွာ ပြည့်စုံ၏။

ထိုသူတို့သည်... တောင်ယာများကို လုပ်သဖြင့် ဝမ်းစာလုံလောက် သည်ပြင် သစ်တောပစ္စည်းအရပ်ရပ်တို့ကို မြင်းဝန်တင်များနှင့် သောက္ကတဲနိုင်ငံ၏ အစွန်းအဖျား ကျေးရွာတို့နှင့် လည်းကောင်း၊ မန်းရွှေ နိုင်ငံတော်၏ အစွန်အဖျား ကျေးရွာတို့နှင့် လည်းကောင်း ဆက်ဆံ ကူးလူးနေသဖြင့် ရွှေငွေဘဏ္ဍာတို့သည် ဘုံဆိုင်သဘောနှင့် အတော်ပင်

mgyoe.com

mgyoe.com


ကြွယ်ဝနေခြင်းဖြစ်နေလေ၏။

မိုလ်မိုးညိုသည် မိမိ၏သစ်တောအတွင်း၌ လှည့်လည်လာရာ လေးမြားတောင့်တို့ကို လွယ်လျက်ပါသည်။ မြင်းသည်တော် ၁၅ ယောက်နှင့် ပက်ပင်းပါတွေ့ရလေ၏။

ထိုအခါ ထိုဆယ့်ငါးယောက်သော မြင်းသည်တော်တို့၏ အကြီးအမှူးထင်ရသောသူသည် ဤသို့ဆို၏။

"အသင်တို့သည် ငါတို့ရဲ့ ဘက်ပြိုင်ဘက်လော..."

"အလို၊ အဆွေတို့သည် ငါတို့၏အကျိုးမဟုတ်စေကာမူ အသို့လျှင် ဘက်ပြိုင်ဘက် ဖြစ်ရပါအံ့နည်း..."

"အဆွေတို့သည် မည်သူတို့ပါနည်း..."

"ကျွန်ုပ်ကား ဤတောတွင်း၌ အုပ်စိုးနေသော သူပါတည်း..."

"အဆွေမင်းတည်းဖြစ်သလော..."

"ကျွန်ုပ်ကား မင်းမဟုတ်။ မင်း၏ဘဝ၊ မင်းမှုထမ်းတို့၏ ဘဝတို့ကို အလွန်စက်ဆုပ်လှပါသည်..."

"အဘယ်ကြောင့်တုံး အဆွေ၊ ဤသို့ရပ်၍ စကားဆိုနေသည်ကား မသင့်၊ ဟို အင်ကြင်းပင်အောက်သို့သွားရောက်ကာ၊ ပြောဖွယ်ရာရာတို့ကို ပြောရအောင်" ဟု ဆို၍၊ အင်ကြင်းပင်ကြီးတစ်ပင်၏ အောက်သို့ သွားရောက်ကြပြီးလျှင် ဤသို့ပြောဆိုနေကြလေ၏။

"အဆွေအဘယ်ကြောင့် မင်းရဲ့ဘဝနှင့် မင်းမှုထမ်းဘဝတို့ကို စက်ဆုပ်ရပါသလဲ..."

"အဆွေ၊ မင်း သို့မဟုတ် ရှင်ဘုရင်ဆိုသူတို့ရဲ့ အဖြစ်ကို မနှစ်သက်သူ၊ မခံမင်သူ၊ အလိုမရှိသူ မရှိသလောက်ဖြစ်တယ်။ လောကမှာ ဒါကိုမသိတဲ့လူဟာ လူကန်းပဲ၊ လူကန်းဟာ မမြင်ဘဲနှင့် လမ်းသွားရင် ရောက်မိရောက်ရာကို ရောက်သွားလို့ ချုံကိုရင်လည်း တိုးမိတတ်

mgyoe.com

mgyoe.com


တယ်။ ချောက်ထဲသို့ရင်လည်း ကျရောက်တတ်တယ်"

ထိုသူသည် တွေ၍ စဉ်းစားကာငေးနေပြီးသော် စကား ဆိုပါဦး လော့ဟုဆိုပြန်၏။

"ဘာကြောင့် မင်းအဖြစ်ကို အလိုရှိ တောင့်တသလဲ၊ စည်းစိမ်ကို ယစ်ကာ၊ အလိုရှိ၊ ခံစား၊ စံစားချင်သောသူဟူသရွေ့သည် မည်သည့် မကောင်းမှုဒွိမျှ ရှက်ကြောက်ခြင်းမရှိဘဲ ပြုတော့မည်ဖြစ်၍ အလွန်ယုတ် ညံ့ခြင်းထက်မက ယုတ်မာခြင်းကို ဖြစ်စေတော့သည်။ ထို့ကြောင့် မင်း သို့မဟုတ် ရှင်ဘုရင်ဘဝသည် ကျွန်ုပ်၌ကား စက်ဆုပ်အပ်သည့် ဘဝဟု ပင် ထင်တော့သည်"

"အဆွေ။ အဆွေ့စကားကို ဆင်ခြေမတုံ့တက်သင့်သော်လည်း မင်းတို့မည်သည် တိုင်းပြည်နိုင်ငံလူထုရဲ့ အကျိုးစီးပွားကို ဆောင်ရွက် ရာကော မဖြစ်သင့်ပေဘူးလား"

"အဆွေ၊ သည်စကားကား မှန်တယ်။ တိုင်းပြည်နိုင်ငံလူထုရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ရရန် မင်းလုပ်ရတော့မယ်၊ ဘုရင်လုပ်ရ တော့မယ်ဆိုရင် မီးပုံတွင်းသို့ ဝင်ရအံ့သော သူကဲ့သို့ အလွန်ထိတ်လန့် လျက် စဉ်းစားဆင်ခြင်ပြီးသော် လူထုရဲ့အလိုကို မဖဲကြဉ်သာလို့ လူထုရဲ့ အကျိုးအား၊ ကိုယ့်အကျိုးစီးပွားကို မငဲ့ကွက်ဘဲ ဆောင်ရွက်ပါတော့မည် ဆိုတဲ့ သဘောနှင့် လောဘ၊ ဒေါသ၊ မာနတည်းဟူသော ရေယဉ်၌ကူး နေ၊ လူးလဲနေသူတွေအပေါ်မှာ ဆန္ဒာ၊ ဒေါသာ၊ ဘယာ၊ မောဟာဆိုတာ ကို မဖြစ်စေဘဲ မင်းကောင်းမင်းမြတ်၊ ဘုရင်ကောင်း ဘုရင်မြတ် အဖြစ် ဖြင့် တည်နေအပ်သူ ရှိသင့်တာနှင့် ရှိနေခြင်းလည်း ရှိပါတယ်။ သို့မဟုတ် က မင်း (ဝါ) ဘုရင်ဆိုသူဟာ ငရဲသင်းဝုတ် တစ်ခုသာမျှပါပဲ..."

"အဆွေကော။ လေးနက်သော၊ သိမ်မွေ့သော၊ စိတ်သောစကား တို့ကို ဆိုဘိပြီ။ အဖိုးတန်လှပါတကား။ အဘယ်ကြောင့် မင်းမှုထမ်း၊

mgyoe.com

mgyoe.com


မှူးကြီး၊ မတ်ကြီးစသည်တို့ရဲ့ အဖြစ်ကိုလည်း စက်ဆုပ်ပါသလဲ..."

"အဆွေ။ မှူးကြီး၊ မတ်ကြီး၊ မင်းမှုထမ်းတို့၏ အဖြစ်ကိုလို၍ လုပ်ဆောင်သော... သူဟူသမျှတို့သည် လောဘအလိုအားဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ကြခြင်းများသဖြင့် မလိုက်စားအပ်သော အဂတိ လေးပါးတို့ကို လိုက်စားကြပေတော့မည်။ ထိုအခါ သူတို့သည် တိုင်းပြည်နိုင်ငံလူထု၏ သေမင်းကြီးများ ဖြစ်ချေတော့သည်"

"အင်း..."

ထိုသူတို့သည် မိမိတို့၏ မှူးကြီး၊ မတ်ကြီး၊ ဝန်ကြီးစသော ရာထူး စည်းစိမ်၊ မင်းမှုထမ်းရာထမ်း စည်းစိမ်တို့၌ မြဲ၍ ဘုန်းတမ်းလာဘ်လာဘ ကြီးပြီးလျှင် ဂုဏ်ကျက်သရေတင့်မြင့်ရအောင် မိမိတို့၏ နောက်လိုက် နောက်ပါ အခြွေအရံတို့၏ ကောင်းစားမှု၊ တင့်တယ်မှုတို့ကို ဆောင်ရွက် အားပေးကူညီတော့မည်။ ထိုနောက်လိုက်နောက်ပါ အခြွေအရံတို့သည် လည်း လောဘတည်းဟူသော ဆူးငြောင့်ခလုတ်၊ ဒေါသတည်းဟူသော မီးခဲပြင်၊ မာနတည်းဟူသော တံလျှပ်တို့၏အတွင်း၌ လူးလဲပြေးသွား လျက် နေကြခြင်းကြောင့်လည်းကောင်း၊ ထိုမှူးကြီး၊ မတ်ကြီး၊ ဝန်ကြီး၊ ရာထမ်း၊ မှုထမ်းတို့၏ နောက်လိုက်နောက်ပါ အခြွေအရံမဟုတ်သော သူတို့၌လည်း ထိုသို့တစေဖြစ်နေကြမှုကြောင့်လည်းကောင်း၊ ထိုသို့ ဝန်ကြီး၊ ဝန်ကိုင်မှုထမ်း၊ ရာထမ်း၊ မှူးကြီး၊ မတ်ကြီး၊ ဝန်ကြီးစသည်တို့ သည် တိုင်းပြည်ကို မီးတင်ရှို့နေသောသူများသာလျှင် ဖြစ်ရာ၍ ထိုသူတို့၏ဘဝကိုလည်း... ကျွန်တော် စက်ဆုပ်ပေတော့သည်။

"အဆွေတော်စကားကား... ချိုမြိန်ဆိမ့်အီသောအရသာ ရှိ၏။ ထိုအရသာကို မှီဝဲရန်ခက်ခဲတုံဘိ၏။ အကြောင်းသည်ကား တိုင်းပြည် တို့၌ မှူးကြီး၊ မတ်ကြီး၊ ဝန်ကြီး၊ ဝန်ကိုင်စသည်တို့ဖြင့် မှုထမ်း၊ ရာထမ်း တို့သည် တိတ်ဆိတ်ရာသလော..."

mgyoe.com

mgyoe.com


"အဆွေတော် ဤသို့လည်းမဟုတ်၊ အကြင်သူသည် လောက၌ ဂုဏ်ကား... မကောင်းမှုကို ရှက်ကြောက်တတ်ခြင်းသာဟူ၍ သိသဖြင့် ထိုဂုဏ်ကိုလိုလားနှစ်သက်ကာ... ခါးဝတ်ပုဆိုးကဲ့သို့မြဲစေခြင်း၊ ထိုသို့ မြဲစေခြင်းဖြင့် မိမိအတွက် လောဘကိုခြိုးခြံနိုင်သမျှ ခြိုးခြံခြင်း၊ ဒေါသကို ငြိမ်းနိုင်သမျှ ငြိမ်းစေခြင်း၊ မာနကို နှိမ့်ချနိုင်သမျှ နှိမ့်ချနေခြင်းတို့ဖြင့် လောဘ၊ ဒေါသ၊ မာနတို့ကို သည်းခံကာနေထိုင်ကျင့်သုံး ဆောက်တည် တတ်သူဖြစ်အံ့၊ ထိုသူကို တိုင်းသူပြည်သားတို့သည် အားကိုးတစ်ခု ပြုကာ အလိုရှိကြ၏။ ထိုသူသည် တိုင်းနေပြည်သူတို့၏ အကျိုးငှာသာ ထိုသို့သော မှူးကြီး၊ မတ်ကြီး၊ ဝန်ကြီးစသော အလုပ်တို့ကို ကြောက်ရွံ့ ထိတ်လန့်ကာလုပ်နေရ၏။ ထိုသို့သော သူတို့သာလျှင် ထိုသို့သော ပြည်သူအမှုထမ်းအဖြစ်နှင့် ထိုက်တန်ပါတော့သည်။ ငါခေါင်းဆောင်၊ ငါ မှူးမတ်၊ ငါဝန်ကြီး၊ ငါစစ်သူကြီး၊ ငါအမတ်ကြီး စသည်ဖြင့်လုပ် မည်။ လုပ်လိုသောသူ မည်သူတို့မဆို တိုင်းပြည်ဝမ်းတွင်းမှအူ၊ အသည်း၊ နှလုံး၊ ကျောက်ကပ်၊ အဆုတ်တို့ကို သံကောက်ချိတ်ဖြင့် ဆွဲထုတ်ငင်နေ သော သူသာတကားဟု ကျွန်တော်ဆိုပါသည်။ သဘောမကျသော် ပယ်နိုင်ပါသည် အဆွေတော်..."

နေသည် နေရောင်ခြည်တစ်ထောင်ရှိ၏ဟု ပညာရှိတို့သည် ဆို ကုန်၏။ ထိုနေရောင်ခြည်ကား လောကဓာတ်တွင် ပြိုင်ဘက်၊ တုဘက်မဲ့ အလင်းရောင်ဖြစ်၍... ဝတ္ထုအားဖြင့်သော မည်သည့်အလင်းမဆို၊ နေရောင်ခြည်အတွင်း၌ မလင်းနိုင်။ မိမိအလင်းကို မထွန်းတောက်နိုင်။ ထိုသို့သော နေရောင်ခြည်အတွင်း၌ အမိုက်ပြကတေ့ဖြစ်၍ မမြင်ခြင်း သည်ကား လောဘ၊ ဒေါသ၊ မာန။ အဘိဇ္ဈာ၊ ဗျာပါဒ မှားသော အယူ ဝါဒ၊ (ဝါ) သဘာဝနှင့် ဆန့်ကျင်သောလေ့လာမှုတို့သာလျှင် ဖြစ်ချေ သည်။

mgyoe.com

mgyoe.com


လကွယ်နေ့ မိုးမှောင်ကျနေသော သန်းခေါင်ယံအချိန်သည် အလွန်မှောင်မည်းလျက် မီးမလင်းဘဲ မည်သည်ကိုမျှ မမြင်နိုင်။ ထို အလင်းသည်ကား သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟီရိ၊ ဩတပ္ပတို့ သာလျှင် ဖြစ်ချေ၏။

သူတော်ချင်းချင်း သီတင်းလွှေ့လွှေ့၊ ပေါင်းဖက်တွေ့။

ဤသည်သို့သော သဘောဖြင့် ဗိုလ်မိုးညိုသည် ထိုသူတို့ကို မိမိ ၏ တဲသို့ ကောင်းသောမိတ်ဆွေအဖြစ်နှင့် အပေါင်းပါပြုပြီးသော် ခေါ် ဆောင်သွားလေ၏။

သောက္ကတဲပြည်၊ မိဖုရားခေါင်ကြီး မြထိပ်ပန်းသည် တဲကြီးအတွင်း မှ ထွက်၍ တောအရေးကြီးကိုရှုကာ ရာသီအလိုက် တောကြီး၏ အရသာကို ဖိမ်တင်ကာ ရှိနေလေ၏။

တောအတွင်းရှိ သစ်ပင်ကြီးတို့သည်ကား အစိမ်းရင့်ရောင်သစ်ရွက် တို့ဖြင့် မြထိပ်ပန်း၏ အာရုံကို ကြည်လင်ကာ ရွှင်စေလေ၏...။ ရွှေတူ၊ ငွေတူ ပန်းတို့သည်လည်းကောင်း၊ မွှေးကြိုင်သင်းငုံသော ရနံ့တို့ဖြင့် မိဖုရားကြီး၏ စိတ်တော်ကို နှစ်ခြိုက်ကြည်ရွှင်စေသဖြင့် မိဖုရားကြီး သည်... ရွှေနန်းတော်ကြီး၏ အာရုံကို ခေတ္တမေ့ပျောက်လျက် စိတ်နှလုံး ကြည်လင်ခြင်းဖြစ်နေလေ၏။

ထိုအတွင်း ဗိုလ်မိုးညိုသည် မိတ်ဆွေကောင်းဟု ယူဆထားသော သူ တွေ့ကြုံခဲ့သည့် သူတစ်စုတို့နှင့် ၎င်း၏ တဲကြီးသို့ ရောက်လာ၏။ မိဖုရားမြထိပ်ပန်းက ထိုသူတို့ကို စိုက်ကြည့်နေလေ၏။ ဗိုလ်မိုးညိုနှင့် ပါလာသော သူတစ်စုတို့၏ အကြီးအမှူးဖြစ်သူကလည်း လူရုပ်ကွဲ လောက်သည့် နေရာကစ၍ မိဖုရားကြီးကို စိုက်လျက်ကြည့်လာလေ၏။

ထိုသို့လာ၍ ထိုသူသည် မြထိပ်ပန်းအနီးသို့ ချဉ်းကပ်မိလာသော် "ဟင်" ဟုဆိုလျက် မြင်းပေါ်မှဆင်းသည်နှင့် တစ်ပြိုင်နက် မြထိပ်ပန်း

mgyoe.com

mgyoe.com


လည်း ထိုသူထံသို့ ပြေးလာပြီးလျှင် "ကိုကိုဘုရား...၊ ထိပ်ပန်းတို့ကို ကယ်ပါဦးဘုရား..."ဟု အစ်ကိုတော်ဘုရားကို ဖက်ကာ ငိုလေတော့၏။

ဗိုလ်မိုးညိုလည်း "ဟင်" ဟု မြင်းပေါ်မှဆင်း၍ ငေးစိုက်ကာ နေလေတော့၏။ ထိုသူ့နောက်မှ ပါလာကြသော မြင်းသည်တော်တို့လည်း မြင်းပေါ်မှ ဆင်းကြပြီးသော် မိဖုရားကြီး မြထိပ်ပန်းရှေ့တွင် ဦးခိုက်ကာ အရိုအသေပြုကြလေ၏။

"ကိုင်း ထိပ်ပန်း၊ သက်သာ၊ ညီတော် မင်းတရားကော"

"တဲတော်အတွင်းမှာ စံနေတော်မူပါတယ် ဘုရား"

"တဲတော်အတွင်းသို့ ကြွတော်မူကြပါ ဘုရား..."

* * *

"ကိုင်းကိုင်း၊ ထိပ်ပန်း တဲတော်တွင်းသို့ သွားပါ..."

"အဆွေတော်..."

"ကိုယ်တော်၊ ကျေးတော်မျိုး..."

"ဟာ ဗိုလ်မင်း၊ ပြေဆိုတဲ့ သတ္တဝါတစ်ခုဟာ လူ၊ လူဆိုတာ ဓာတ်လေးပါး အစုအဝေးချည်းဆိုတာကို နားလည်ပါတယ်။ လောက၌ ဘုရင်တဲ့၊ လယ်သမား၊ ယာသမားတဲ့ ဒါတွေဟာ အနှစ်မရှိတဲ့ ပညတ်တွေ၊ မဖောက်မပြန်သဘောက သဘာဝနှင့် သဘောမျှသာ ရှိပါတယ်..."

"ရွှေဘုန်းရှင် အမိန့်ရှိတာ သဘောအားဖြင့် မငြင်းသာပါ။ သို့သော် ကံ ကံ၏အကျိုးအားဖြင့် ပွင့်လင်းသီးမှည့်တဲ့အခါ မိမိရဲ့ အချိုးအတိုင်းတည်ကာ... ဆောင်ရွက်ရပါတယ်...။ သည်လိုမဆောင်ရွက်တဲ့လူဟာ လူဟူသော သတ္တဝါတို့ရဲ့ အဆင့်အတန်းကြောင့် လောကကို ဖျက်ဆီးရာ၊ လောက၏ သာယာခြင်းကို နှောင့်ယှက်ရာ၊ လောက၏

mgyoe.com

mgyoe.com


လှပခြင်းကို အိုးမဲသုတ်ရာ ရောက်ပါတယ်..."

"ဗိုလ်မင်းကဲ့သို့သော ပညာရှိသူတော်ကောင်းသည်... လောကမှာ အလွန်ရှားပေသည်။ ထိုသို့သော ပညာရှိသူတော်ကောင်းကို မန်းဘုရင်သည် အဆန်းထွင်ကာ ရှာနေတော့သည်။

* * *

"ညီတော်မောင် ဘယ်လိုများ ဖြစ်ပျက်တွေ့ကြုံလာရသလဲ..."

"ကိုင်း၊ အရှင်သခင်နှစ်ပါး၊ အမောအပန်း ဖြေပြီးသောအခါမှ ဖြည်းဖြည်းသာသာ အကြောင်းတော်များကို မိန့်တော်မူကြပါ..."

"ကိုကိုဘုရား၊ အစ်မတော်ဖုရား ကျန်းခံ့သာလို့ မာတော်မူပါရဲ့လား ဘုရား..."

မန်းရွှေပြည်ဘုရင်၊ မင်းကြီးဖြူသည် တစ်စုံတစ်ရာမျှ မိန့်မြွက်တော်မမူနိုင်ဘဲ မျက်ရည်တွေတွေယိုစီးလျက် နှမတော် မြထိပ်ပန်းကို စိုက်ကြည့်ကာနေတော်မူလေ၏။

❐

mgyoe.com

mgyoe.com

# အခန်း – ၂

"မောင်တော် ခေါင်ဖုရားရဲ့ အဆောင်တော်သို့ အချိန်မလျော် ဘာကြောင့် ကျူးကျော်ခဲ့ပါသလဲ..."

"ဆွေဆွေ၊ ဆွေဆွေ၏ သောကြာကြယ်ကဲ့သို့ ရွှေရည်အဆင်း ဖြစ်သော မျက်နှာတော်ကလေး ပြုံးပြုံးသည်... မောင်တော်ရဲ့ နှလုံးအိမ် ထဲမှာ..."

"အို... အို... အို... တော်... တော်၊ သည်စကားကို ခေါင်ဖုရား မကြားလိုဘူး..."

"ဆွေရယ်...၊ သည်လိုပြောလိုက်တဲ့ အသံကလေးဟာ မောင် ဘုရားရဲ့ ဘဝင်တွင်းမှာ စိမ့်ဆင်းကာ ဝင်အောင်းလာလို့..."

"အော်တန်ပါဆိုမှပဲ၊ သည်စကားကို ခေါင်ဖုရားဟာ ဘယ်လိုမှ မကြားနိုင်ဘူး"

"ဆွေဆွေ။ မန်းရွှေပြည့်ရှင်၊ ဘုရင်မင်းကြီးဖြူဟာ နိုင်ငံတော် မင်းနေပြည်နှင့်တကွ ထီးရပ်နန်းရံတို့အားပါ လွှဲသွားတာကို ဆွေဆွေ

mgyoe.com

mgyoe.com


သိတယ် မဟုတ်လား"

"သိတယ်"

"သိတော့ ထီးနန်းထဲမှာ ဆွေဆွေနှင့်တကွ မိဖုရားကြီးများနှင့် မောင်းမမိဿံတို့ဟာလည်း ပါတယ်ဆိုတာကို အသိသားနှင့် ဆွေရယ်၊ ငြင်းပယ်ပြီး ဘာမကြည်ဖြူစရာရှိပါသလဲ"

"သည်လို ကျေးဇူးသစ္စာတော်ကို မဖောက်နှင့်..."

"ဆွေ၊ ဒါဟာ ကျေးဇူးသစ္စာတော်ကို စောင့်ထိန်းတာ။ ဘုရင် မင်းမြတ်၊ မင်းကြီးဖြူဟာ မိဖုရားမောင်းမမိဿံနှင့် မှူးမတ်တို့ကိုပါ လွှဲအပ်ခဲ့တော့ ဆွေ့အပေါ်မှာ မောင်တော်က မိဖုရားအဖြစ်နှင့် ပျော်တော် မမူရင် မောင်တော်ဟာ သစ္စာဖောက်ရာကျတော့မပေါ့၊ ဆွေ အလိမ္မာသား နှင့် စိန်လိုက်ပါ၊ ကစားကြပါစို့..."

"ထွက်သွားပါ..."

"သဒ္ဓါပါ..."

"ထွက်သွား..."

"ကြည်ဖြူပါ..."

"မသွားဘူးလား၊ သွားမလား..."

"ခု ထီးနန်းစည်းစိမ်တို့ကို ဘယ်သူပိုင်နေတယ်လို့ သိသလား..."

"စကားများလို့၊ နားခါးတယ်၊ ခုထွက်သွား..."

"နုနုနှင့် မူမူပြီး၊ ယုယတော်မူတာကို ချိုချိုကလေးနှင့်... အလိုမျှ ကာ ပျိုကျစမ်းပါ ဆွေရယ်..."

"မသွားဘူးလား၊ သွားမလား၊ ဟဲ့ ကျွန်နင်လွှန်ပြီ... တစ်ခွန်း တည်း တင်စမ်း..."

"ခုသည်ထီးနန်းစည်းစိမ်ကို ဘယ်သူပိုင်နေတယ်ထင်သလဲ၊ ချိုချို နှင့် ...ိုတာ..ကို လိုစမ်းပါ ဆွေဆွေရယ်..."

mgyoe.com

mgyoe.com


ထိုသို့ ခေတ္တထီးနန်းကို လက်ခံထားရသော စော်ကဲသည် မိဖုရားခေါင်ကြီး ဆွေဆွေခင်ကို အနုနှင့်မရသောကြောင့် အကြမ်းပြုတော့မည့်ပုံရှိသောအခါ ဆွေဆွေခင်လည်း မြတ်သောအမျိုး၊ မင်းရိုး၊ မင်းနွယ်ပီသသည့် ဓာမဏီသွေးဖြစ်သည့်ပြင် တက္ကသိုလ်ပြန် မင်းသမီးဖြစ်ခဲ့သည့်အတိုင်း သိုင်းစသည့်... မင်းသားတို့၏အတတ်ကို တတ်ထားသည်နှင့်အညီ သန်လျက်ဓားကို ဆွဲထုတ်ကာ ဤသို့ရဲရဲတောက်ဆိုလေ၏။

"ဟယ်သူယုတ်၊ နင့်အားမင်းကြီးသည် ထီးနန်းစည်းစိမ်တော်ကို အပြီးအပိုင်လွှဲအပ်ခဲ့သည် မဟုတ် ပညာရှိသုခမိန်ကို လိုလားတော်မူသောအားဖြင့် ပညာရှိ သုခမိန်အရှာထွက်သွားတော်မူခိုက် ငယ်ကျွန်တော်ပီပီ ယုံကြည်တော်မူသဖြင့် ခေတ္တမျှ လွှဲအပ်ထားတော်မူခဲ့သည်ကို နင်သည် သို့ပြုရာသလား။ နင့်ထက် ယုတ်မာညစ်ညမ်းသော့သွမ်းသောကျွန်ယုတ်မည်သည်မရှိ။ နင့်အသက်ကို ငါ့သန်လျက်အား အစာကျွေးမည်။ နင့်သွေးနှင့် ငါ့သန်လျက်ဓားကို ဆေးကြောမည်။ ဆွေဆွေခင်တဲ့ တစ်ခင်တည်းသာရှိသည်၊ နှစ်ခင်မမြင်ကောင်းဘူး။ သူယုတ် ထွက်သွား"

ထိုကဲ့သို့ မလျော်သောအမှုသည် မိဖုရားခေါင်ကြီး၏ အဆောင်တော်၌ ဖြစ်လတ်သော် အပျိုတော်၊ ရံရွေတော်တို့အားဖြင့် ရုတ်ရုတ်ရက်ရက်ဖြစ်ပြီးသော် အခြားမိဖုရားများ၏အဆောင်တော်သို့လည်း ရုတ်ခြည်းပျံ့နှံ့သွားလေရကား နန်းတော်အတွင်း၌ ညအရေးတော်သည် မလျော်သည်လို လှုပ်ရှားနေလေ၏။

စော်ကဲသည်ကား မင်းကြီးဖြူ၏ လူယုံ၊ ငယ်ကျွန်တော် အထိန်းတော်သား နို့စို့ဖက်ဖြစ်လေ၏။ မင်းကြီးသည် စော်ကဲကို ချစ်မြတ်နိုးသည့်အတိုင်း... အလွန့်အလွန် ယုံကြည်တော်မူ၏။ မင်းကြီးဖြူသည် မင်းမျိုးမတ်ဗိုလ်ပုံ အလယ်၌ အထိန်းတော်သား စော်ကဲအား ကျောကိုပွတ်၍ ငါ့နောင်တော်ဟုပင် နှုတ်မြွက်တော်မူဖူး၏။

mgyoe.com

mgyoe.com


ထိုသို့သော စော်ကဲသည် မင်းသားတို့၏ အတတ်မှကင်းသဖြင့် တိုက်ခိုက်မှု၌ အရည်အသွေးမဲ့သောကြောင့် နန်းမတော်ကြီး၏ အဆောင်တော်မှ ထွက်လာခဲ့၍ ကန်းသောမျက်စိနှင့် ညစ်ညမ်းသော အလိုရမ္မက်ယဉ်ကိုစီးပြီးလျှင် မြောက်နန်းမတော် အဆောင်တော်သို့ သွားပြန်ရာ မြောက်နန်းမတော်ကား ကျည်းသေကိုပိတ်ထားကာ ဖက်လိပ်စားကို စွဲကိုင်လျက် ရှိလေ၏။

ထိုသို့ဖြင့် မြောက်နန်းမတော် အထံတော်၌လည်း ၎င်း၏အလိုအတိုင်း မညီညွတ်ခဲ့သော် အရှေ့နန်းမတော်ထံသို့ သွားရောက်လေ၏။

အရှေ့နန်းမတော်ကား ပြုံးကြည်ကြည်ကလေးနှင့် ပြိတ်တိမျက်နှာထားနှင့် ပုဆစ် ကစားနေရင်း မင်းကြီးစော်ကဲ ဝင်လာသည်ကို မျက်နှာတည်ပြီးသော် ပုဆစ်ဝိုင်းကိုသိမ်းလိုက်၏။ အပျော်တော်များလည်း အလိုက်သိစွာ တိမ်းကြလေ၏။ မိဖုရားကား ဤသို့တီ၏။

"ကိုယ်တော်ခုမှ ဘယ်ကမျက်စိတော် လည်လာပါသလဲ၊ သည်ကတော့ မျှော်တော်ဇောနှင့် ဘောလယ်ဖြစ်နေပြီ ဘုရား..."

"အပြစ်တော်ဆိုတော့..."

"သိပါတယ်၊ အချစ်တော်မတင်၊ ဟိုမှာသာ မြင်ပြီး ရွှင်နေတာကို..."

"ထိပ်ထားရွှေရွှေ၊ အချစ်တော်ကို ထုတ်ပြ၍ဖြစ်သော် ပြစမ်းချင်ပါရဲ့..."

"တကယ်ချစ်သလား..."

"တကယ်ပေါ့..."

"လာ ဘုရား..."

"ဟင် သည်လိုတော့၊ ကိုယ်တော် ထိပ်တင်ဖြူတုန်းကလည်း သည်လိုကြောင့် အာရုံငါးပါးမှာ မျက်စိအာရုံမှာ မရဘဲနှင့် မနစ်သက်ခဲ့၊

mgyoe.com

mgyoe.com


ဒါပေမဲ့ ဓားတော်ကိုကြောက်လို့ အလိုက်အလျောက် သထာခဲ့ရတယ်..."

"ဆို ဘယ်လို..."

"အဝတ်တော်များကို ချွတ်ထားလိုက်ပါ..."

"ထိပ်ထားကော..."

"ဖုရားနှမလည်း သည်လိုပေါ့..."

"ကိုင်း..."

"ကိုင်း ဘုရား၊ ကိုယ်တော်က နောက်ကလိုက်သယောင်ပေါ့ ဘုရား။ ဖုရား နှမက ရှေ့က ကစားသလို သွားပါ့မယ်၊ လိုက်ပြီး ဖမ်း ဘုရား၊ သည်လိုမှ ရွှေရွှေကပျော်... တာ..."

"ကိုင်းဗျား၊ ကိုင်းဗျား၊ သဘောတော် အတိုင်းပါပဲ"

ထိုသို့နှင့် အဆောင်တော်ထဲတွင် လိုက်တမ်း ပြေးတမ်း ကစား သကဲ့သို့ နှစ်ပတ်ခန့်ရှိလတ်သော် တံခါးမနားသို့ ရောက်ကာလ မင်းကြီး စော်ကဲကို အရှေ့ဆောင်မိဖုရားသည် အဆောင်တော်ထဲမှ တွန်းချလိုက် လေ၏။ မင်းကြီးစော်ကဲလည်း အဝတ်မပါဘဲ အဝတ်ချည်းစီးနှင့် အဆောင်တော်ပြင်တွင် တုံးလုံးနေလေ၏။ မိဖုရားလည်း ကျည်းသေကို ပိတ်ထားလိုက်လေ၏။

သဆာ်ဦးမှာ တင်ထားခြင်းဖြင့် သဆာ်သူကြီးဖြစ်နိုင်သလား...။

ရာဇပလ္လင်ပေါ်သို့ တင်ပို့ထားခြင်းဖြင့် ရှင်ဘုရင်ဖြစ်နိုင်သလား...။

လှည်းမမောင်းတတ်သော လှည်းဦးစီးကြောင့် လှည်းယဉ်ကလေး ချောက်ထဲသို့ ထိုးကျရတော့သည်။

မင်းကြီးပြုလုပ်နေသူ စော်ကဲသည်ကား ကိုယ်တုံးလုံးနှင့် မတင့် မတယ်ရှိနေသည်တွင် အပျိုတော်တစ်ယောက်သည် ရောက်လာလျက် အဝတ်တော်အစုံကို ဆက်သ၍ မင်းကြီးစော်ကဲလည်း ဤသို့ဆို၏။

"ဟဲ့ နင်ဘယ်မိဖုရားအဆောင်က အပျိုတော်လဲ"

mgyoe.com

mgyoe.com


"ဘုန်းဘုရား ကျွန်တော်မျိုးမ အနောက်နန်းမတော် မြတ်မြတ်ခေါင် အဆောင်တော်မှ လက်ပါးစေ အပျိုတော်စောလှပါ ဘုရား..."

"အင်း၊ ငါ နင့်ကို ချီးမြှင့်မြှောက်စားမယ်..."

"အနောက်ဆောင်တော် ထိပ်ထားက စောင့်စား၍ မျှော်တော်မူနေကြောင်းပါ ဘုရား..."

"အင်း..."

* * *

"မျက်နှာငယ်တဲ့ မိဖုရားမို့ ခုမှဖြင့်..."

"မိမိကလေး အယူတော်မမှားနှင့်၊ မောင်တော်ဘုရားဟာ ဟိုကောင်မတွေကို လူလား ဘီလူးလားလို့ ခြားနားချင်တာနှင့် သွားကြည့်တာ..."

"အဟုတ်၊ ကိုယ်တော် မပလီနှင့်..."

"မြတ်မြတ်ရယ်၊ မြတ်မြတ်ကသာ..."

"ကြွ၊ ကိုယ်တော်... ဟောဘုရား..."

* * *

"အဟုတ်ကိုယ်တော်၊ မြတ်မြတ်အား သဒ္ဓါတော်မူပါရဲ့လား..."

"သဒ္ဓါတော်မူပါတယ်..."

"သထာတော်မူပါရဲ့လား..."

"သထာပါတယ်..."

"ကြည်ဖြူတော်မူပါရဲ့လား..."

"ကြည်ဖြူပါတယ်..."

"ယစ်၊ နှစ်၊ ချစ်တော်မူဘုရား..."

mgyoe.com

mgyoe.com


"မြတ်မြတ်အား တောင်ညာမြောက်ထား ခေါင်ဖုရားကြီး အဖြစ်နှင့် ကိုယ်တော်မြတ် ချီးမြှင့်တော်မူမယ်..."

"ကတိတော်လွှန်ပါ့မယ် ဘုရား..."

"မြတ်မြတ်..."

"ဘုရား..."

"မောင်တော်ဘုရားက မြတ်မြတ်အား ဘယ်မျှလောက် အချစ်ထားတယ်ဆိုတာကို နားလည်တော်မူပါ..."

"မှန်လှပါ..."

* * *

မြတ်မြတ်ခေါင် အနောက်နန်းမိဖုရားသည်ကား ပန်ထွာပြည်ကြီးရှင်ဘုရင်မင်းမြတ်က မန်းရွှေပြည်ရှင် ဘုရင်မင်းမြတ် မင်းကြီးဖြူထံဆက်သသော သမီးကညာဖြစ်လေသည်။

မင်းကြီးဖြူသည် မြတ်မြတ်ခေါင်မိဖုရားကို တစ်ပြည်သူ ဖြစ်သည့်အတွက် ကြည်ဖြူနှစ်သက်သော်လည်း သတိတရားထားပြီးလျှင် မမြှောက်စားသဖြင့် ရွှေစားမအပ်ရှိလေရကား မြတ်မြတ်ခေါင်သည် ယခုအခါ၌ စားပိုင်မိဖုရားခေါင်ကြီးဖြစ်ရမည်အတွက် အလွန့်အလွန်နှစ်သက်ခြင်းဖြစ်လာလေ၏။

မင်းကြီးဖြူကား ပညာရှိကို အလွန်နှစ်သက်တော်မူ၏။ ကျမ်းဂန်ကျင့်ဝတ်တော်များကို အလွန်ချစ်ခင်၏။ သူတစ်ပါးကို အပြစ်မလို၊ အကောင်းမဆိုဘဲ ယုံကြည်သဒ္ဓါထားခြင်းရှိသော်လည်း အမြော်အခေါ်နှင့် စဉ်းစားစူးစမ်းခြင်းသည်ရှိသဖြင့် မှူးကြီးမတ်ရာ သေနာပတိ၊ ဝန်ကြီးဝန်ကိုင်စသည်တို့အား မြို့စားရွာစားပေးခြင်းတို့၌ လည်းကောင်း၊ အခွင့်အာဏာ လွှဲအပ်ခြင်း၌လည်းကောင်း မရက်ရောချေ။

mgyoe.com

mgyoe.com


ထို့ကြောင့် မှူးမတ်သေနာပတိစသည်တို့သည် မိမိတို့ လိုသလောက် အခွင့်အရေးကို မရကြသောကြောင့်များစွာ နှစ်သက်ကြည်ညိုဟန်မတူပေ၊ နန်းရင်းဝန်ကြီးသည်ကား ဘုရင်မင်းမြတ်ကို ရေမှုန့်သည်သားဟု နှုတ်ကပင် ကွယ်ရာ၌ မြွက်ဆိုဘိ၏။

ထိုသို့သော သဘောကြောင့် ထီးနန်းစည်းစိမ်၌ အာသာတပ်မက်ပြင်းပြလျက်ရှိသော အထိန်းသည်သား စော်ကဲသည် နန်းရင်းဝန်ကြီးစသော မှူးစုမတ်စုတို့၏ မြှောက်ပင့်ခြင်းဖြင့် ဘုရင်မင်းကြီးဖြူ၏ သစ္စာကို ဖျက်လျက် ချက်ချင်းပင် မှူးစုမတ်စု၊ စစ်သူကြီး၊ သေနာပတိစသည်တို့အား အခွင့်အရေးကို များစွာပေးလိုက်သည်ပြင် မြို့စားရွာစားတို့အဖြစ်နှင့် ထုတ်ပြန်လေ၏။

ထို့ကြောင့် စော်ကဲနှင့် မှူးမတ်စု၊ စစ်သူကြီး သေနာပတိတို့သည် တစ်ကျိတ်တည်း တစ်ဉာဏ်တည်းကဲ့သို့ ဖြစ်နေကြကုန်၏။

မိဖုရားကြီး သုံးပါးသည်ကား နံနက်နေအရုဏ်မတက်မီပင် မိမိတို့၏... နောက်ပါ အခြံအရံ အနည်းငယ်စီနှင့် နန်းမြို့ကြီးမှ ထွက်ခွာလာလေရာ တံခါးမှူးနှင့်တကွသော တပ်သားတို့သည် မိမိတို့၏ အရှင်သခင်မ၏ နောက်သို့ လိုက်ပါကြလေ၏။

တောင်နန်း မိဖုရားကြီး၌ သားတော်ကလေးတစ်ပါး၊ သမီးတော်ကလေး တစ်ပါးပါ၍... မြောက်နန်းမိဖုရားကြီး၌ သားတော်ကလေးတစ်ပါးပါလာ၍ စိတ်တော်မကြည်နိုင်ဘဲ မျက်ရည်ယိုရွဲနှင့် ရှိသည်ကို အရှေ့နန်းမိဖုရားကား သားတော် သမီးတော်မရှိ ကိုယ်လွတ်ဖြစ်သဖြင့် မိဖုရားကြီးနှစ်ပါးကို အားပေးကာ ရှိနေလေတော့၏။

နောက်ပါ အခြံအရံ တပ်သားအနည်းငယ်တို့သည်လည်း မိဖုရားများအား အားမငယ်ရန် အထူးသဖြင့် အားပေးကာ စောင့်ရှောက်ခြင်းဖြင့် ပါလာကြ၏။

mgyoe.com

mgyoe.com


ထိုသို့နှင့် ပြည်တော်နှင့် အနည်းငယ်မျှ ကွာလှမ်းလေသော်၊ မိဖုရားများနှင့် အပျိုတော် ရံရွေများမှာ ပင်ပန်းနွမ်းနယ်ခြင်းရှိသဖြင့် ရွာငယ်ကလေးတစ်ခုတွင် အပန်းဖြေစခန်းချ ရပ်နားနေခြင်းကို ပြုကြလေ၏။

ထိုအခါ စစ်မှူးကလေး ဗိုလ်မင်းကျော်သည် မိဖုရားခေါင်ကြီးအား ဤသို့လျှောက်တင်လေ၏။

"ထိပ်ခေါင်တင်ဖုရား..."

"ဗိုလ်မင်းကျော်၊ ဘာအလိုရှိသလဲ..."

"ကျေးတော်မျိုး လျှောက်တင်ပါရစေ..."

"တင်..."

"ဤရွာကို အခြေပြုစတည်းချလျက် အခိုင်အလုံပြုကာ နေခွင့်ပြုတော်မူပါ ဖုရား။"

"မတော်ဘူးထင်တယ် မောင်မင်း..."

"ဘုရင်မင်းမြတ်သည်လည်း ပညာရှိ သုခမိန်ကို တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ နေပြည်တော်သို့ ပြန်လာတော်မူပါမည်။ ထို့ကြောင့် အခြားဝေးရာသို့ ခရီးဆန့်ရန် မသင့်ဟု တင်ကြောင်းပါ ဖုရား..."

"သော်သော်၊ မည်သို့သဘောတော်ရပါသလဲ..."

"ရွှေရွှေ... သူ့သားတော် သမီးတော်ကလေးတွေနှင့် ပျော်နိုင်ရန် မကောာ၊ အစ်မတော်နှစ်ပါးမှာဖြင့် နှလုံးကွဲရတော့မယ်..."

"အလိုလေ... ဘာနှလုံးကွဲစရာလဲ မမ၊ ခုဘယ်လောက် ပျော်စရာကောင်းသလဲ..."

"ဗိုလ်မင်းကျော် လျှောက်တင်တာကိုပဲ ဘယ်လို သဘောတော်ရှိပါသလဲ..."

"ထပ်ပြီး ဗိုလ်မင်းကျော် ဆိုစမ်းပါဦး..."

mgyoe.com

mgyoe.com


"ဘုန်းတော်ကြီးဘုရားလည်း မကြာမီ နေပြည်တော်သို့ ပြန်လည်တော်မူမှာကြောင့် ဤရွာမှာပင် အနီးအပါး ကျေးလက်ရွာ သိမ်ရွာငယ်တို့မှ လူများကိုစုကာ အခိုင်အမာတပ်တည်၍ နေလိုကြောင်းပါဘုရား"

"အဟုတ်သားပဲ မမဖုရားတို့ကလည်း..."

"ရွှေရွှေရယ် မတော်တဆလိုက်လာပြီး ရန်ပြုချေသော်၊ ဖမ်းချေသော်..."

"အော် သည်တော့လည်း ရောက်ရာပေါ့..."

"ရွှေရွှေရယ် လွယ်လိုက်တာ..."

"မဖုရားတို့မှာသာ ခက်ပြီး ပူဆွေးနေ..."

"ဟော ပြောရင်းဆိုရင်း မြင်းခွာသံတွေ ထင်တယ်"

"ဟော့ ငမောက်ဖောင်း ဝက်မတစ်ကောင် ဆွဲခဲ့စမ်း..."

"ကုံးမတင်ပါနှင့် မဖုရားရဲ့ ဖက်လိပ်ဓားကိုပေး..."

"ဗိုလ်မင်းကျော်၊ စစ်ပဒိုးမှုတ်၊ လူစု။ ဟော့ သောင်းကြီး ဘာလဲ..."

"ထိပ်ထား၊ ကျွန်တော်မျိုးတို့လူစုနှင့် စစ်ချင်းဆိုင်နေပါပြီ ဖုရား"

"ခက်တယ်။ သော်သော်..."

"ဖုရား အသာနေစမ်းပါ၊ ရွှေရွှေ ရှိပါတယ်၊ နောက် ကိုယ်တော်ကြီးကို ရွှေရွှေက ပြန်မလွှတ်ရင်သာ လာတော်မူပြီ"

"ခက်တယ် ရွှေရွှေရယ်၊ ဘေးလွတ်အောင် ပြေးလာရတာကို အပျော်ရှုစားလာရတာများ ထင်နေတယ် ထင်ပါရဲ့..."

ဗိုလ်မင်းကျော်ကား စစ်ပဒိုးကို မှုတ်တော့၏။

ရွှေရွှေကား ဆံပင်တစ်ဝက်ကို ခေါက်ကာ ပန်းနီကြိုးနှင့် စည်းလျက် မောက်တိုကို ဆောင်းပြီးလျှင် ကမတင်ရသေးသော အုန်းခွံမအပေါ် လွှားခနဲတက်လျက် ဖက်လိပ်ဓားကို တစ်ဖက်က ဆွဲပြီးလျှင် ရန်သူများရှိရာသို့ မောက်ရှည်ကိုဆောင်းကာ မြင်းစိုင်းသွားလေ၏။

mgyoe.com

mgyoe.com


ဗိုလ်မင်းကျော်နှင့်တကွသော တပ်မှူးတို့သည် မြင်းနှင့် လိုက်ပါလျက် တပ်သားအနည်းငယ်ကို ရွှေလုံ၊ ရှေ့စားအဖြစ်ဖြင့် မိဖုရားကြီးနှစ်ပါး၏ အနီးတွင် အစောင့်အနေထားခဲ့လေ၏။

"ဟော့ ထိပ်ထားဖုရားရောက်လာပြီ၊ ခွေးမသားတွေတော့ တစ်ခါခေါင်းပြတ်ပေတော့..."

"ထိပ်ထားဖုရားရွှေဟော့၊ ခေါင်းမရွေးဘူး" ဆိုသော ညာသံကြီးသည် ပွဲတင်ဟည်းသွားလေ၏။

ရွှေရွှေသည် တပ်ဦးသို့တက်လျက် ဖက်လိပ်စားကို ခါကာခါကာနှင့် ဟော့ သပေါက်တွေ၊ ခေါင်းနေရစ်ချင်ပလား။ ထိပ်ထား ရွှေရွှေတဲ့နော်၊ နှစ်ရွှေမရှိဘူး။ နင်တို့သခင် ကျွန်ငစော်ကဲကို ပြောလိုက်၊ ကိုယ်တိုင်လိုက်ခဲ့စမ်းလို့ အိမ်သာထဲစီးတဲ့ ငါ့ဖိနပ်မှာ သဲကြိုးပြတ်သွားတာနှင့် နင်တို့သခင် ကျွန်ငစော်ကဲရဲ့ လျှာကို သဲကြိုးလုပ်စီးရမယ်၊ ကြားကြလား၊ ဟော့ ငထော် နင်ပြောလိုက်...

"ထိပ်ထားဖုရား၊ ကျွန်တော်မျိုးငထော်၊ စေသည့်ကျွန်မို့လာပါတယ်။ ထိပ်ထားရဲ့ ကျေးကျွန်တော်တွေကို လုံးလုံးမထိပါးပါ။ မေးတော်မူပါဘုရား"

"သပေါက်ငထော်က တပ်ဦးတက်လို့ ခေါင်းပြုတ်ချင်တယ်။ ဟော့ ငထော် ငစော်ကဲကို ပြောလိုက်၊ လူငယ်တွေကိုမလွှတ်နှင့် နေမျိုးကျော်ခေါင်၊ နေမျိုးဗလဆိုတဲ့ စစ်သူကြီးတွေနှင့် ငစော်ကဲတို့ ကိုယ်တိုင်လိုက်ခဲ့လို့၊ ငါ့ဖိနပ် သဲကြိုးပြတ်သွားလို့ သင်းတို့ရဲ့ လျှာကိုပဲ ဖိနပ်သဲကြိုးတပ်ရမယ်..."

"ထိပ်ထားဖုရား ကျွန်တော်မျိုးတို့ကိုတော့ အပြစ်လွှတ်ပါ၊ ခုထိပ်ထားတို့နှင့် လိုက်ခဲ့ဆိုရင်လည်း... လိုက်ပါ့မယ် ဖုရား..."

"နင်တို့အား တို့ ကျွေးစရာမရှိဘူး၊ ကိုင်း အသာပြန်၊ ငါမှာလိုက်

mgyoe.com

mgyoe.com


တာကို ပြောလိုက်..."

မန်းရွှေပြည်ကြီးမှ မိဖုရားများကို... ဖမ်းရန်လွှတ်လိုက်သော စစ်သည်တော်တပ်သားတို့သည် ရွှေရွှေ၏ စွမ်းရည်ကို သိထားပြီးဖြစ်သည့်ပြင် မိဖုရားကြီးတို့၏ ကျွန်ရင်းသခင်ဖြစ်လာခဲ့ကြ၍ ရိုသေလေးစားချစ်ခင်ကြသည်လည်း တစ်ကြောင်းတို့ကြောင့် တပ်ကိုခေါက်၍ ပြန်သွားကြလေ၏။

ရွှေရွှေကား မိဖုရားဖြစ်လင့်ကစား လူပ်လူပ်လဲ့လဲ့ နွဲ့နွဲ့လျလျ မိဖုရားမဟုတ်၊ စိတ်ကြမ်း ကိုယ်ကြမ်း မိဖုရားဟု ဆိုသင့်သလား၊ မိဖုရားခေါင်ကြီး၏ ထားဝယ်တပ်ကို ရွှေရွှေသည် အုပ်ချုပ်လျက်ရှိလေ၏။

မိဖုရားခေါင်ကြီးသည် ငစော်ကဲ၏ ဖောက်ပြန်သော ကျင့်ကြံမှုကိုသိရသောအခါ မိဖုရားနှစ်ပါးကို ညတွင်းချင်း ခေါ်၍တိုင်ပင်ရာ ရွှေရွှေကား ယခုကဲ့သို့ ထွက်ပြေးလာရန်ကို သဘောမတူ၊ နံနက်ချိန်ကျသော် မိမိ၏ ထားဝယ်စုနှင့် ငစော်ကဲနှင့်တကွ ငစော်ကဲအား အားပေးအားမြှောက် ပြုသော မှူးမတ်တစ်စုကို ဖမ်းဆီးကာ ထောင်မှာသွင်း၍ အကျဉ်းချထားမည်ဟု မိဖုရားခေါင်ကြီးထံ တင်၏။

မိဖုရားခေါင်ကြီးမှာ ရှေ့နောက် တိုင်းထွာ မြော်ဆလျက် ရွှေရွှေ့အကြံအတိုင်း ပြုမူကျင့်ကြံချေသော် ဘုရင်မင်းမြတ်သည် တိုင်းပြည်မှခဏထွက်ခွာသွားတော်မူစဉ်တွင် ပြည်၏ ရွှေမြို့တော်၌ ဗယောက်ဗယက် ဖြစ်ပြီးလျှင် ထိန်းမနိုင်သိမ်းမရဖြင့် ရွှေမြို့တော် စနောင့်စနင်းဖြစ်လိမ့်မည်ဟု ရွှေရွှေ့အကြံကို ပယ်ခဲ့ကာ ခေတ္တခဏအားဖြင့် ရွှေမြို့တော်မှ တိမ်းရှောင်နေရန် ကြံစည်ကာ ထွက်ခွာလာခဲ့လေ၏။

အရှေ့နန်းမတော် ရွှေရွှေ့အကြံသည်မှန်သလော၊ မိဖုရားခေါင်ကြီး၏ အကြံတော်သည် မှန်သလော။ တိုင်းပြည်၌ကား အထက်တန်းလွှာတစ်စုသည် မင်းမှုထမ်းအရာရှိကြီးများနှင့် ကိုယ်ကောင်းစားရေးကိုသာ

mgyoe.com

mgyoe.com


ရှေ့ရှုနေခြင်းများနေ၍ အလယ်အလတ်တန်းစား၊ အောက်တန်းစားတစ်စု တို့၌ကား တိုင်းပြည်၏ အကျိုးကို ရှေးရှုလျက် ဘုရင်မင်းမြတ်ကို ချစ်ခင် လေးစားရှိသေကြကုန်၏။

ထိုသို့လျှင် တိုင်းပြည်တွင် အခြေအနေဆိုက်ရောက်နေခြင်း ကြောင့် မိဖုရားခေါင်ကြီးနှင့်၊ အရှေ့နန်းမတော် ရွှေရွှေတို့၏ သဘောထား ကို ဝေဖန်ရာတွင် ထည့်သွင်းသင့်ပေသည်။

စာရှုပျော်တို့ သိပြီးဖြစ်သည့်အတိုင်း မိဖုရားသုံးပါးတို့သည် အခြံ အရံနှင့်တကွ မြို့တော်မှ ထွက်တော်မူသွားသောအခါ ဘုရင်အဖြစ်နှင့် စိုးစံနေသော စော်ကဲသည် နန်းရင်းဝန်ကြီး သေနာပတိတို့နှင့် တိုင်ပင် လျက် မိဖုရားများကို လိုက်လံဖမ်းဆီးရန် သဘောတူညီကြသော်လည်း သေနာပတိသည် စစ်သူကြီးများ၊ စစ်မှူးများကိုသာ အမိန့်ပေးဝံ့လျက် စစ်သူကြီးများ၊ စစ်မှူးများတို့သည် အထက်အာဏာပိုင်များထံမှ အမိန့် တော်ကို စောင့်ဆိုင်းနေသော စစ်ဗိုလ်၊ စစ်ကြပ်၊ စစ်သားများအား အမိန့် ပေးခြင်း၊ ဆင့်ဆိုခြင်းတို့ကို မပြုဝံ့ကြပေ။

အကယ်၍ အမိန့်ပေးလိုက်သည်ရှိသော် စစ်ဗိုလ်၊ စစ်ကြပ်၊ စစ်သားတို့သည် စစ်သူကြီးများ၊ စစ်မှူးများ၊ သေနာပတိစသည့် နန်းရင်းဝန်ကြီးတို့ထံ ချီတက်ကာ ဖမ်းပြီးသော် ထောင်သွင်း အကျဉ်းချ ထားခြင်း ကို ပြုဖို့ရန် အရိပ်နိမိတ်ပေါ်ထွက်နေလေသည်။ ထို့ကြောင့် မြို့တော်စောင့် တပ်သားအနည်းငယ်ကိုသာ ဖမ်းရန်ဟု မိဖုရား၏ နောက်တော်သို့ လိုက်စေသော်လည်း ဖြစ်ပျက်ပုံကို စာဖတ်သူတို့ သိပြီးဖြစ်တန်ရာ ပေသည်။

နိုင်ငံအရေး၊ ရောထွေးယှက်တင်၊ ပေါ်ပေါက်လျှင်သော် ထက်ခွင် တိမ်များ၊ တက်ကစားသို့ အလားသွင်တူ ဆင်ခြင်ယူလော့။ ငါ့ဟူမာန စောင်းတက်ကြွလျက် ဆန္ဒငါ့ကို ရလိမ့်ကိုဟု တင်ကြိုစီမံခန့်ခွဲရုံလည်း

mgyoe.com

mgyoe.com


မမှန်မဖြောင့် တော်မစောင့်က သူကောင့်သားသာ ဖြစ်တတ်ရာသည်။ ကိုယ်မှာကျင့်ကောင်း ရှိသင့်ကြောင်း။

မိဖုရားခေါင်ကြီးကား ညချမ်းသောအချိန်၌ ဤသို့လျှင် မိဖုရား နှစ်ပါးနှင့် တိုင်ပင်ဆွေးနွေးတော် မူလေ၏။

ဤအရပ်၌ မောင်တော်ကိုင့်တည်းကာနေခြင်းဖြင့် ဘေးရန်မကင်း တန်ရာ…။

"အစ်မတော်ဖုရား၊ ရွှေရွှေမတင်ရဘူးလား။"

"ကိုင်း ပြောပါ၊ ညီမတော်ရယ်"

"မမဖုရား အမိန့်တော်ရှိခြင်းသည် မြော်မြင်တိုင်းထွာ ဆင်ခြင် တတ်သူတို့၏ ဩဝါဒကထာပင် ဖြစ်ချေသည်"

"အင်း… အင်း…"

"သို့သော် ဤဘေးရန်သည် ထိတ်လန့်ဖွယ်သော ဘေးရန် လော… စိုးရိမ်ဖွယ်ကောင်းသော ဘေးရန်လောဟု စဉ်းစားဖွယ်ရာ ဖြစ် ချေတော့သည်။"

"ဆို ညီမတော်"

"ယခုလာမည့် တွေ့ရမည့် ဘေးရန်သည် သစ္စာဖောက်ငစော်ကဲ ထံမှလာမည့် ဘေးရန်တည်း။"

"မှန်တယ်…"

"လောက၌ သစ္စာဖောက်သည်ဖြစ်စေ၊ မဖောက်သည်ဖြစ်စေ ဘေးရန်မည်သည် ဘေးရန်မျှသာဖြစ်၍ ဘေးရန်တို့တွင် မင်း အစိုးရထံ တို့မှလာသော ဘေးရန်သည် ကြောက်ရွံ့ဖွယ် ထိတ်လန့်ဖွယ် ဖြစ်ချေ သည်။"

"ငစော်ကဲသည် မင်းလား၊ မင်းစည်းစိမ်ကို လွဲအပ်ထားခဲ့ခြင်း ကြောင့် မင်းလော၊ အများကသဘောတူ တင်မြှောက်ခြင်းဖြင့် မင်းလော၊

mgyoe.com

mgyoe.com


ဒေါင်ဒေါင်မြည်မှ အိုး၊ တောင်ကလာမှ မိုး၊ ဗွတ်လတ်သည် အိုးမဟုတ် သလော၊ ရေထည့်သော် မခိုင်၍ အိုးမမည်၊ မြောက်ကလာသော် ကောင်း စေသည်။ ထက်မြက်စေခြင်းက များ၍ မိုးမမည်သာ အဖျက်သာလျှင် မည်တတ်သည်။"

"အင်း... အင်း... အင်း..."

"အချို့အချို့ ပညာရှိတို့သည် မည်သည့်နည်းနှင့်မဆိုရသော အချစ်သည် အချစ်ဟု ဆို၏။ သို့သော် တိရစ္ဆာန်ချစ်လည်း ဖြစ်ရတတ် သည်။ မည်သည့်နည်းနှင့်မဆိုအောင်နိုင်ခြင်းသည် အစိုးတရဖြစ်စေ နိုင်သည်။ သို့သော် တိရစ္ဆာန်၏ အစိုးတရမျိုးလည်း ဖြစ်စေနိုင်သည်။ တိရစ္ဆာန်ကိုမှူစရာလော..."

"အင်း..."

"သို့သော်မင်းကို စဉ်းစားစရာ၊ စော်ကဲသည် မင်းလား (ဝါ) ရှင် ဘုရင်လား။ မင်းဖြစ်စေဆို၍ မင်းမဖြစ်နိုင်၊ မင်းအင်္ဂါနှင့်ညီမှ မင်းဖြစ်ရာ သည်။ ထိုမင်း၏ဘေးကိုသာလျှင် စဉ်းစားစရာ..."

"အင်း..."

"နှိုင်းဆရန်တင်ပါသည်..."

"ဆို..."

"ကိုယ်တော်ဘုရားသည် ဆောင်တော်သို့ ကူးခဲ့ပေါင်း များသည်"

"အင်း..."

"ကာမဂုဏ် မေထုန်မှု၌ ငမ်းငမ်းတငင် ဘယ်အခါမှ မရှိခဲ့ ဒါ ဘာကြောင့်၊ မင်းပီသသောကြောင့်။ ဘုရင်မင်းတို့မည်သည် ကာမဂုဏ် ခံစားရာ၌ ကြက်ကဲ့သို့ ရှိရာ၏ဟုအချို့ ပညာရှိတို့ ဆိုကြကုန်သည်။ ထိုဆိုခြင်းကား ကြက်ဖသည် ကြက်မများအပေါ်၌ မျက်နှာလိုက်ခြင်း မရှိဘဲ ရန်သူကိုကာကွယ်ထားဘိသကဲ့သို့ ရန်သူ၊ သူယုတ်မာဘေးမှ

mgyoe.com

mgyoe.com


ကာကွယ်ရမည်ဟု ဆိုလိုရာသည်။ ထိုသို့သောသဘောနှင့် ကိုယ်တော်သည် မိန်းမတို့၏ ရန်သူ သူယုတ်မာဘေးက အစဉ်ကာကွယ်ခဲ့ရာ၌ လျှို့ဝှက်ရာကို ဣန္ဒြေမပျက်မူ၍ စောင့်ရှောက်ခဲ့သည်။ မြင်လိုခြင်းသည် မျက်နှာသာလျှင်ဖြစ်ချေသည်။ ဒါဘာကြောင့် မင်းပီသသောကြောင့်..."

"ညီမတော်..."

"အကျယ်ကိုချဲ့ရပါမူ တရားဟောဆရာမဖြစ်လာလိမ့်မယ်..."

"ဆိုပါ..."

"စောကဲသည်မူကား သဘောကို ထောက်လှမ်းလိုသဖြင့် မည်မျှလောက်အဆင့်အတန်းနိမ့်သည်ဟူ၍ သိလိုသဖြင့် မြင်လိုသည်ဆိုခြင်းကြောင့် အရှက်မဲ့ကို ပြုတော့သည်။ ဒါမင်းတဲ့လား...။ လျှို့ဝှက်ရာကို... သူမြင်လိုသည်။ မြင်ရ၍ ငမ်းတငင်နှင့် နေသည်။ ခေါ်တိုင်းလည်း လိုက်သည်။ မမဖုရားကြောင့်၊ သတ်၍ပစ်လိုက်ချင်သည်။ သူ့ကိုငင်၍ ငင်တိုင်း ပါနေလေရကား ဆောင်တော်ထဲက ခြေနှင့်ကျောက်ချလိုက်မည်ကြံသည်။ ယောကျ်ားပါလားဟု သတိထားမိသဖြင့် စေ့ရုံထားသော ကျည်းသေကို ဖွင့်ပြီးသော် တွန်းချလိုက်ရသည်။ ဒါ မင်းတဲ့လား။ ခြေလေးချောင်းတိရစ္ဆာန်။"

"အင်း..."

"မမဖုရား၊ မင်းမဟုတ်သောသူက သဘာဝအားဖြင့် မင်းစော်မနံနိုင်သည့် သူက မင်းပြုလုပ်၍ ရန်သတ္တုရလာကာ ပြုခဲ့သော် လက်ဖျောက်တီးရုံမျှနှင့် ပပျောက်စေနိုင်ပါသည်။ စိုးရိမ်နှောင့်၍ကြောင့်ကြဖွယ် မရှိပါ မမဖုရား...။"

"ညီမတော်၊ ညီမတော် စကားကား မှန်သည်။ သို့သော် စဉ်းစားရမည်..."

"အမိန့်တော်ရှိပါ မမဖုရား..."

mgyoe.com

mgyoe.com


"သည်မှာ မိဖုရားများ တပ်တည်၍နေသည်ကို သူတို့သိအံ့။ သူတို့သည် စစ်သည်ဗိုလ်ပါတို့နှင့် လာရောက်၍ တိုက်ခိုက်ဖျက်ဆီးဖမ်းယူလတ္တံ့၊ ထိုအခါ ညီမတော်သည် သူ့အနိုင်မခံ တပ်ကြီးတည်ကာ ဗိုလ်ပါစု၍ ခုခံတိုက်ခိုက်ပြီးသော် နှိမ်နင်းပေလတ္တံ့။ ထိုသို့ နှိမ်နင်းခြင်းအားဖြင့် လူတို့ကို သတ်ရလတ္တံ့။ လူတို့ကို သေစေရလတ္တံ့။ မိန်းမလူသတ်ခြင်းသည် သင့်တော်လေသလား။ ညီမတော် ရွှေရွှေ စဉ်းစားပါ"

"မမဖုရား၊ မိန်းမတို့မည်သည် သစ္စာရှိသော ကြမ်းပိုးကိုပင် သတ်တုံသေးလျက် သစ္စာမတည်သော ငစော်ကဲနှင့်တကွ အပေါင်းပါတို့ကို မသတ်ဘဲ အဘယ်ကြောင့်နေသင့်ပါသနည်း။"

"ညီမတော် သည်စကားကို ထားတော့၊ ကြမ်းပိုးဟာ ဘယ်လိုသစ္စာရှိသလဲ"

"မမဖုရားကလည်း ဆောင်းတွင်းမှာ ကြမ်းပိုးသည် လူကို မကိုက်တော့ပါ၊ ဆောင်းတွင်းမှ မရှိနိုင်သော သတ္တဝါတို့ရဲ့အတွက် ပန်းဟာ ဓားသာပါ မမဖုရား..."

"ဒါပေ့ ညီမတော်၊ မမဖုရားရဲ့ စကားကို ညီမတော်ကလေး အလိမ္မာသားပဲ၊ နာယူပါ။ ညီမတော်ကလေးဟာ စွမ်းရည်ရှိလို့၊ လိမ္မာလို့ အရှေ့နန်းမိဖုရားမြတ်အဖြစ်နှင့် တည်ဖို့ရန် အစ်မဖုရားက ဖန်တီးခဲ့တယ် မဟုတ်လား၊ လိမ္မာပြီး မမဖုရားရဲ့ စကားဟာ တမာဖြစ်နေလို့ မချိုနိုင်စေကာမူ ဆိမ့်စေလိုပါတယ်။"

"အစ်မတော်ဖုရားရယ်..."

"ဆို..."

"ပန်ထွာသူမြတ်မြတ်ခေါင်ကိုတော့..."

"သူ့ကို ထိုက်ရာထား စော်ကဲစားပေးခဲ့ပြီလေ၊ မြတ်မြတ်ခေါင်ကို ပန်ထွာဘုရင်က သမီးတော်ဆိုပြီး သမီးကညာဆက်တယ် မဟုတ်လား"

mgyoe.com

mgyoe.com


"မှန်လှပါ..."

"ဆက်သသော သမီးကညာကို မြှောက်စားရမယ်၊ မမြှောက်စားသော် မင်းကျင့်ထုံးမှ မကျော်အောင် ချော်ရာရောက်တယ်။ သို့သော် မြတ်မြတ်ခေါင်ကို မင်းသမီးဟူ၍ ဘယ်သူကေနအမှန်ဆိုနိုင်သလဲ။"

"စဉ်းစားစရာ..."

"သည်လိုလေ။ သားထိုးသမား မုဆိုးသားသည်။ သားသမင်ကို လို၍ သင်ကြားထားသော သမင်ငယ်နှင့် တောသမင်ထီးကို မျှားပြီးလျှင် လုံမနှင့် ထိုးဖမ်းတာလိုဖြစ်တာမျိုးလည်း ရှိတယ်..."

"စဉ်းစားစရာပါ..."

"မြတ်မြတ်ခေါင်ဟာ လှပသော အဆင်းအသရေကို ဆောင်တယ်။ ပျော့ပျော့ပျောင်းပျောင်း နွဲ့နွဲ့လျလျ၊ လှုပ်လှုပ်လဲ့လဲ့နှင့် ယောကျာ်းတို့ရဲ့ အာရုံကို ဆွဲနိုင်တယ်။ သာယာချိုအေးတဲ့ စကားအသံတို့နှင့် သူတစ်ပါး ကို တိမ်းညွှတ်စေနိုင်တယ်။ အဲသည်တော့ မိဖုရားအဖြစ်နှင့် သူလျှိုလွှတ်တာလည်း ဖြစ်နိုင်တယ်..."

"မှန်လှပါ..."

"ဒါကြောင့် ကိုယ်တော်ကို အမြဲသတိပေးပါတယ်။ သားတော်၊ သမီးတော် အန္တယ်မဖြစ်ရရန်ကိုပင် သတိပြုဖို့ အမြဲလိုပင် တင်ရပါတယ်။ သူနှင့် စံမထားသင့်ဘူး၊ လောကကြောင်းမှာ မိတ်မဆောင်းရန်သာပါ ညီမလေး..."

* * *

စောင်းညင်းတူရိယာတို့နှင့် အပျိုတော်များသည် မိဖုရားများအား ဖျော်ဖြေခြင်းကို ပြုကြလေ၏။

စော်ကဲသည်ကား မန်းရွှေပြည်ကြီး၏ ဘုရင်အဖြစ်ကို ခံယူ၍

mgyoe.com

mgyoe.com


နန်းရင်းဝန်ကြီးနှင့်တကွသော မှူးကြီး၊ မတ်ကြီး၊ ဝန်ကြီး၊ စစ်သူကြီး သေနာပတိတို့ကို အထူးမြှောက်စားပြီးသော် သိမ်းသွင်းကာ စိုးအုပ်နေလေ၏။

ထိုအခါ မန်းရွှေပြည်၌ကား အထက်တန်းလွှာ လူစုမှတစ်ပါး ထိုသို့ ထီးနန်းစည်းစိမ်အား သစ္စာဖောက်ကာ သိမ်းယူသည်ကို မနှစ်မြို့ခြင်းများကြလေသည်။ သို့ရာတွင် မြို့တံခါး၊ တံခါးနီ၊ လွှတ်ရုံး၊ ဗြဲတိုက်စသော အရေးကြီးသည့်နေရာတို့၌ နန်းရင်းဝန်ကြီး သေနာပတိတို့၏ လူယုံတော် သစ္စာခံတို့အား လဲလှယ်ကာနေရာချထားခြင်းတို့ကို သက်ဆိုင်ရာ အာဏာပိုင်တို့သည် အကွက်စေ့အောင် စီမံဖန်တီးထားကြလေ၏။

မြို့တံခါးကြီးတို့၌ သတိမလစ်စေရဘဲ တံခါးမှူးသည် စစ်သည်တော် ရွှေလုံ၊ ရွှေဓား၊ လေးသမားတို့နှင့် စောင့်ကြပ်ကာရှိရလေ၏။

ထိုသို့သော အတွင်း၌ မန်းရွှေပြည့်ရှင်ရင်းမင်းကြီးဖြူသည် နောက်ပါမြင်းသည်တော်များနှင့် ဆိုက်ရောက်လာရာ တံခါးမှူးလည်း ရုတ်တရက် အဝင်မခံဘဲ စစ်ဆေးစောကြောစရာရှိနေသည်ဟု ရပ်တန့်ထား၍ မင်းကြီးလည်း ဤသို့ဆိုတော်မူ၏။

"ဟယ်... တံခါးမှူး၊ ငါကား မန်းရွှေပြည့်ရှင် ဘုရင်မင်းကြီးဖြူ။ နင်ငါ့ကို မမှတ်မိမသိယောင်တကား..."

"ယခု မန်းရွှေပြည့်ရှင် ဘုရင်သည်ကား မင်းကြီးစော်ကဲတည်း။ ဤပြည်၏ အရှင်ကား မင်းကြီးစော်ကဲမှတစ်ပါး အခြားမရှိ၊ အရှင်မင်းကြီးကိုသိ၏။ သိသဖြင့် မြို့တွင်းသို့ ကျွန်တော်မျိုးတို့ ဝင်ခွင့်မပြု၊ ဖမ်းဆီးချုပ်နှောင် သံခြေချင်းခတ်၍သာ မင်းကြီးစော်ကဲထံပို့ရန်သာ ရှိပါဘုရား..."

ထိုအခါ မင်းကြီးဖြူ၏ နောက်ပါမြင်းသည်တော်တို့သည် အတင်း

mgyoe.com

mgyoe.com

ထိုး၍ တံခါးမှူးကိုသတ်ပြီးသော် ဝင်ရန်ပြုတော့မည်ပြုသောအခါ မင်းကြီးဖြူသည် ၎င်း၏ ကိုယ်ရံတော်တပ်သားတို့အား ဟန့်တားလျက် ဤသို့ဆို၏။

"မောင်မင်းတို့ ဒေါသကိုရှေ့မထားရာ၊ ဒေါသမည်သည် မင်္ဂလာနှင့် ကျောပေးပြီး အမင်္ဂလာကို ဖြစ်စေတယ်။ လောကမှာသည်လိုဖြစ်ရမလေ..."

"ဟော့ ငထိုက်၊ မင်းတော်တော်စွာပြီး လူပါးဝနေတယ်"

"မောင်ကျော်ရဲ့ စေသည့်ကျွန်၊ ချွန်သည့်နွားတဲ့။ ငါတို့ကို စိတ်မဆိုးနှင့် ငါတို့ စစ်သားတပ်သားဆိုတာ ဘယ်သူတက်တက် တက်နိုင်အောင်သာတက်။ တိုင်းပြည်စစ်သားဆိုတာဟာ ဘုရင်ဖြစ်လာနိုင်သူရဲ့ သစ္စာတော်ခံကြီး ပါပဲကွယ်"

မင်းကြီးဖြူကား ထိုတံခါးမှဖယ်ခဲ့၍ အရှေ့တံခါးသို့သွား ရောက်လေရာ အရှေ့တံခါးလည်း ထို့အတူ။ တံခါးအသီးသီးမှ ထိုကဲ့သို့ ဖြစ်နေ၍ နောက်ပါ ကိုယ်ရံတော်မြင်းသည်တော်တို့သည် တံခါးမှူးများနှင့် အစောင့်တို့အား အတင်းတိုက်ခိုက်ကာ ဝင်ရောက်မည် ပြုကြ၏။

မင်းကြီးဖြူသည် တရားကို နှစ်သက်ရာတွင် သဘောထားအလွန်မြင့်မြတ်သောကြောင့် အကယ်၍ မင်းမာန်အတိုင်း ထိုးဖောက်ကာ ပြည်တော်သို့ အတင်းဝင်ချေက ချက်ချင်းပင် လူသူအများ သေကျေပျက်စီးရမည်ကို သိသည်အတိုင်း သဘောကျဟန်မရှိချေ။ ပြည်တွင်းနန်းတော်သို့ ရောက်သွားသောအခါမှာလည်း မုချ တိုက်ပွဲဖြစ်တော့မည်ကို မင်းကြီးဖြူသည် မြင်သောကြောင့်... ပြည်တွင်းတိုက်ပွဲအားဖြင့် တိုင်းပြည်သည် ပျက်စီးတော့မည်...။

ထိုသို့သောသဘောကို မင်းကြီးဖြူသည် မနှစ်လိုချေ။ ထို့ကြောင့် မိမိ၏ တပ်သားတို့အား အညွှံခံရန် အမိန့်တော်သတ်မှတ်ရာ တပ်သား

mgyoe.com

mgyoe.com


တို့လည်း အရှင့်အာဏာ ကျွန်မှာတည်ရသည်အတိုင်း မျက်ရည်စက်လက်နှင့် ဓားကိုချွတ်ကာ အောက်နှုတ်ခမ်းကို ရှေ့သွားနှင့်ကိုက်လျက် အောင့်အည်းကာနေကြရလေ၏။

မင်းကြီးဖြူလည်း ဤသို့အောက်မေ့တော်မူ၏။

ခွေးသည် ထန်းလျက်ကျွေးသောသူကို ခင်သော်လည်း သခင်ရင်းကို မမေ့ချေ။ လူကား ခွေးလောက်ပင် သစ္စာမရှိဟန်တကား၊ သို့သော်သူတို့လည်း အဖိုးတန်ပေသည်။ ချင်းတို့သည် ငါ့အပေါ်၌ သစ္စာမတည်စေသော်လည်း စော်ကဲ၏ အပေါ်၌ကား သစ္စာတည်ပေသည်။ လူတို့၌ ကျောက်စာတိုင်းသည် အခဲယဉ်းသားကလား။ အဖြူနှင့်အနက်၊ အနီနှင့် အစိမ်းသည်ရှိမြဲပင် ဖြစ်ချေသည်။

မင်းကြီးဖြူသည် ထိုသို့အောက်မေ့၍ ကိုယ်ရံတော်တပ်သားများနှင့် မြို့မှဖယ်ခဲ့လျက် တစ်ခုသော ရေစတွင် စခန်းချထောက်နေလေ၏။

မင်းကြီးသည် ဤသို့စိတ်ကစားလာတော့သည်။ အော် စော်ကဲကို ငါသည်နို့စို့ဖက် အထိန်းတော်သားဖြစ်ခဲ့၍ နောင်တော်ကဲ့သို့သဘောထားခဲ့သည်...၊ ထိုက်တန်သည်ထက်ပင် ပိုမို၍ ငါ မြှောက်စားခဲ့သည်။ အထိန်းတော်၏သားသည် အထိန်းတော်ကဲ့သို့သာလျှင်... စိတ်ရှိလေဟန်တကား။ ထို့ကြောင့် ကြက်မှာအရိုး၊ လူမှာအမျိုးဟု ဆိုစကားရှိချေသည်။ မျိုးအတိုင်းအသီးအပွင့်တို့သည် ဇာတိပြလေတော့တကား။

သမုဒ္ဒရာပင်လယ်သည် ရေအားဖြင့် မပြည့်သကဲ့သို့ သူယုတ်မာသည် တင်းတိမ်ရောင့်ရဲခြင်းမရှိပါတကား။ ထိုသို့တင်းတိမ်ရောင့်ရဲနိုင်မှုမရှိခြင်းသည်သာလျှင် သစ္စာ၌ ချွတ်ယွင်းလေတော့တကား။

စော်ကဲသည် ငါ၏ မိဖုရားတို့ကို သိမ်းဆည်းပေတော့မည်။ အင်း ဤသည်လည်း သဘာဝ၊ ငါ့မိဖုရားတို့သည် စော်ကဲ၏အလိုအတိုင်း သဘောတူကြည်ဖြူပါက မင်္ဂလာရှိပေစွ။ သဘောမတူ မကြည်ဖြူဘဲ

mgyoe.com

mgyoe.com


တအောင့်သက်သက်နှင့် အာဏာစက်ကြောင့် လိုက်ပါရချေသော်... အတော်ပင် ဆင်းရဲခြင်း ကြီးစွလေဟန်တကား။

အင်း... ငါသည် ပညာရှိသုခမိန်အရှာ တောတွင်းဇနပုဒ်တို့ကို လှည့်လည်ရာတွင် တောကြက်သည် ငါ့ကို ဥပမာပြခဲ့လေပြီ။ အသို့နည်း။

လွင်ကလေး သာသာ၌ တောကြက်မင်းသည် များစွာသော ကြက်မတို့နှင့် ကြက်ပရိသတ်ကို ဖြစ်စေကာ တောအုပ်၌ တင့်တယ်သော လွင်ကလေးကို ကျက်သရေမင်္ဂလာဖြစ်စေဘိ၏။ ထိုကြက်မင်း၏ မိဖုရားဟုဆိုအပ်သော များစွာသော ကြက်မတို့သည် ကြက်မင်းကို အခြွေအရံဖြစ်စေကာ တည်လျက် အခြားကြက်ဖတို့၏ အကပ်ကို မခံချေ။ အခြားကြက်ဖတို့၏ အရစ်ကိုပင် သဘောမတူ မကြည်ဖြူကြချေ...။

စွမ်းရည်သတ္တိရှိသော အခြားတောကြက်ဖတစ်ကောင်သည် ကြက်မင်းကို တော်လှန်ကာ ခွပ်သဖြင့် နိုင်သွားလေပြီ ဖြစ်သော် ကြက်မအပေါင်းတို့သည် ထိုနိုင်သူ ကြက်မင်း၏ ကြက်မိဖုရား၊ အခြွေအရံများသာ ဖြစ်စေ၍... ကြက်ပရိသတ်သည်လည်း ထိုနောက်နိုင်သူ၏ ပရိသတ်များသာလျှင် ဖြစ်လေဘိသည်တကား။ ဤကား သဘာဝ။

မိန်းမနှင့် ပရိသတ်မည်သည် အောင်နိုင်သူ၊ ကြီးစိုးနိုင်သူ၏ ဥစ္စာသာလျှင်တကား။

ဟင် ဟုတ်ပါ့မလား၊ ငါ့၏နှမတော်သည် သစ္စာဖောက် ငကြုံတက်၏ အလိုကို မတူဘဲ သိသည်နှင့် တစ်ပြိုင်နက် ကိုယ်လွတ်ရုန်းခွာထွက်လာခဲ့သည်။ ဤအမှု၌ ပြုနိုင်ရန်အလွန် ခက်ခဲသည်။ မြထိပ်ပန်းသည် ပြုခဲ့ပေပြီ...။ မြထိပ်ပန်းသည် ပြုနိုင်သလား၊ မြထိပ်ပန်းသည် မသိနိုင်၊ မပြုနိုင်။ မြထိပ်ပန်း၏ အသိဉာဏ်သည်သာလျှင် မင်းကြီး အောင်နိုင်ဟုတ်မဟုတ်ကို သိချေသည်။ မြထိပ်ပန်း၏ မျိုးရိုး

mgyoe.com

mgyoe.com


ဇာတိသာလျှင် သစ္စာတည်၍ ကိုယ်လွတ်ရုန်းခွာလေတော့သည်။

အင်း ငါ မိဖုရားတို့သည် အသိဉာဏ်ရှိသလော၊ ရှိကြသည်။ မျိုးရိုးဇာတိမှန်သလော၊ မှန်ကြသည်။

အသိဉာဏ်နှင့် မျိုးရိုးဇာတိသည်သာလျှင် လောက၌ သစ္စာတည်စေ၍ တော်မှန်တည့်မတ်နိုင်၏ တကား။

ထိုသို့လျှင် မင်းကြီးဖြူသည် သစ်ခက်တဲနန်းအတွင်း၌ စိတ်ကစားနေသည်တွင် မြင်းခွာသံများကို ကြားရသဖြင့် မင်းကြီးဖြူ၏ ကိုယ်ရံတော်တို့သည် လက်နက်စွဲကိုင်ကာ အသင့်နေကြလေ၏။

ခဏကြာသော် ထိုမြင်းတပ်သည် ရောက်လာ၍ ခြေတစ်ယောက်သည် မင်းကြီးဖြူ၏ သစ်ခက်နန်းသို့ တန်းတန်းမတ်မတ် လာရောက်ရာ ကင်းနှင့်တွေ့သဖြင့် ဤသို့လျှင်ပြောဆိုနေကြလေ၏။

"အောင်မယ်၊ မောင်မှုံ၊ မင်းဘဝရှင်မင်းတရားကြီးနှင့် ပါသွားပြီးသည်မှာ ဘာလာလုပ်နေသလဲ"

"မင်း ဘယ်ကလာသလဲ ရှင်ငထူး၊ ဘဝရှင်မင်းတရားကြီးသည်မှာ စခန်းချရပ်နေလို့ ငါကင်းစောင့်နေတယ်"

"ဟင် ဘဝရှင်မင်းတရားကြီး သည်မှာလား"

"အေး မင်းတို့ နေပြည်တော်က အကောင်တွေဟာ ခွေးတွေပါကွယ်၊ တုတ်ခနောင်းနောက်လိုက်နေတဲ့... အကောင်တွေပါ..."

"ဟဲ့ မောင်မှုံရဲ့ သူလည်းရှိတယ်ကွ၊ သည်ရေအိုင်မှာတင်ကျီးချည်းမဟုတ်ပါဘူး ရွှေဟင်္သာလည်း ရှိပါတယ်"

ထိုသို့ဆိုကာ ထိုခြေသည် ချက်ချင်းပြန်တဲ့သွား၍ ခဏကြာသော် စစ်သူကြီးအဝတ်ကို ဝတ်လျက် ဓားကိုလွယ်လျက် လူတစ်ယောက်သည် ရောက်လာ၍ ဤသို့ဆို၏။

"ငမှုံ၊ မင်းကြီး ကျန်းခံ့သာလို့ မာရဲ့လား"

mgyoe.com

mgyoe.com


"မာတော်မူပါတယ်"

"ငါ မင်းကြီးထံ အခစားဝင်မယ်"

"ကြွပါ ကိုယ်တော်"

မင်းကြီးကား အရေးကို စဉ်းစားကာနေသည်တွင် ထိုသူသည် မင်းကြီးရှေ့မှောက်၌... ဒူးထောက်ကာအသင့်တည်နေလေ၏။

"ဟာ... ဗိုလ်ကျော်စွာ၊ ဟိုမှာနေရာယူ၊ ဤကား သစ်ခက်တဲ"

"ဘယ့်နှယ် ရွှေနန်းတော်ကြီး အခြေအနေ"

"ရွှေဘုန်းတော်ရှင်၊ ညမှ အေးအေးသက်သာ ကျွန်တော်မျိုး တင်ပါမည်။ တပ်သားများကို နေရာချထားပါဦးမည် ဘုရား"

"အင်း..."

* * *

ညဥ့်အချိန်သော် တိတ်ဆိတ်လျက်ရှိသော ချောင်း၌ ပုရစ်မောင်မယ် ဖိုမတို့၏အသံဖြင့် သာသာစီစီနှင့် သဘာဝအလျောက် နားခင်းကို ကြည်နေစေတော့၏။

သစ်ခက်တဲ အသီးသီးတို့မှလည်း စစ်သည်တော်တပ်သားများသည် အချင်းချင်း နှီးနှောကာ စကားတီးတိုးနှင့် ရှိနေကြကုန်၏။

ဗိုလ်ကျော်စွာကား မင်းကြီးထံတွင် ဤသို့တင်တော့၏။

"မိဖုရားမြတ်သုံးပါးသည်ကား... နောက်ပါ ကိုယ်ရံတော်အနည်းငယ်နှင့် ရွှေမြို့တော်ကထွက်သွားတော်မူပါပြီ..."

"အင်း..."

"ကျွန်တော်မျိုးလည်း မိဖုရားမြတ်များ ဘေးဥပဒ်ရှိမည်ကို ကာကွယ်ထောက်မရန်သဘောနှင့်... တပ်သားများကို လွှတ်လိုက်ပါသည်။ သတင်းပြန်မရကြောင်းပါ"

mgyoe.com

mgyoe.com


"ရွှေရွှေပါသွားသလား"

"ပါကြောင်းပါဘုရား"

"အင်း ခရီးဆန့်သွားပြီထင်တယ် ဗိုလ်မင်း...၊ နေပြည်တော့် အရေးကိုဆို"

"ကျွန်ယုတ်မာ ငစော်ကဲနှင့် အနောက်မိဖုရား ပန်ထွာသူမြတ်မြတ်ခေါင်သည် သဘောအညီအညွတ်ပြုကာ နန်းရင်းဝန်ကြီး၊ မှူးမတ်သေနာပတိတို့ကို သိမ်းသွင်းမိကြောင်းပါ ဘုရား"

"အင်း၊ ပါကြပလား"

"ပါကုန်ကြောင်းပါ ဘုရား"

"အင်း ဒါဟာ သဘာဝ ဗိုလ်ကျော်စွာ၊ ထန်းလျက်ကျွေးရင် ခွေးဆိုးတောင် အမြီးနှန့်တာပဲ"

"တင်ပါရစေ ဘုရား"

"တင်ဗျား"

"ငစော်ကဲအုပ်ချုပ်၍ မကြာမတင်မြင့်မီပင် ပန်ထွာသူမိဖုရားမြတ်မြတ်ခေါင်၏ အစီအရင်အရ ပန်ထွာပြည်မှ ပညာရှိကြီးများ၊ စစ်မှူးကြီးများ ရောက်လာ၍ နေပြည်တော်ကို စီရင်ခန့်ခွဲလွှမ်းမိုးနေပါတယ် ဘုရား"

"အော် ရာထူး၊ စည်းစိမ် ရွှေနန်းရွှေအိမ်ကိုသာ မြင်ကြတာပေပဲကိုး၊ ခမ္ဘတာပေါ့"

"အမိန့်တော်မြတ်ချမှတ်တော်မူပါ ဘုရား"

"ရွှေနန်းရွှေအိမ်သည် ယိုအိမ်ဟု မသိသော ငါမြှောက်စားခဲ့သည့် ငစော်ကဲသည် ရွှေနန်းရွှေအိမ်ကို မက်မောသဖြင့် သည်စည်းစိမ်၌ တည်မြဲအောင် ကြံဆောင်ရပေမည်။"

"မှန်လှပါ"

mgyoe.com

mgyoe.com


"မိမိတို့ရဲ့ ရာထူးစည်းစိမ်၊ ဂုဏ်သိမ်၌ မြင့်အောင်အလိုရှိသူဟာလည်း မိမိတို့ရဲ့ ရာထူးစည်းစိမ်မြဲအောင်၊ မရသေးရင် ရအောင်၊ မြင့်ထက်မြင့်အောင် အလိုရှိ သူကလည်း မြင့်အောင်တို့ကို ကြံစည်ရမည်မှာ ဓမ္မတာပဲ၊ ဘာကြောင့်၊ စည်းစိမ်ချမ်းသာမည်သည် အသေကောင်ပုပ်ဟု အသုဘကို မသိဘဲကိုး..."

"မှန်လှပါ..."

"အဲသည်တော့ သူတို့ဟာ ဒါကို တည်မြဲအောင် ကြိုးစားရမယ်၊ သူတို့ တည်မြဲရန်မှာလည်း အတော်ခက်ခဲနေတယ်။ ကိုယ်တော်မြတ်ပြည်တော်သို့ပြန်လာပြီး တိုက်ခိုက်သိမ်းယူမှာကို သူတို့ တကြောင့်ကြောင့် ကြကြပေါ့၊ အဲသည်တော့ သူတို့ရဲ့ အားကိုးရာ မှီခိုရာကိုရှာရပေလိမ့်မယ်..."

"မှန်လှပါ..."

"သည်သို့ဖြစ်တော့ ပန်ထွာမိဖုရားသည် သူတို့ရဲ့ အလိုဆန္ဒကို ပြည့်ဖို့ရန် သော့ချက်ကြီးတစ်ခုပေါ့..."

"သည်မိဖုရားဟာ သိပ်ကို ယုတ်မာပါကလား၊ မြွေဆိုးကို အိမ်ထဲသို့ သွင်းထားရသလို ဖြစ်နေပါပကော..."

"ဗိုလ်မင်း..."

"ဘုရား..."

"ဒါကို ကိုယ်တော်မြတ်စကတည်းက သိတယ် တစ်တိုင်းပြည်ကလက်ဆောင်ပဏ္ဏာပို့တယ်၊ ထူးမြတ်တဲ့ ပဏ္ဏာတော်ကို ဆက်သတယ်ဆိုတာဟာ ကြည်ညိုလို့၊ သဒ္ဓါလို့၊ ဘယ်ဟုတ်မလဲ၊ ဆွေတော်မျိုးတော်မှ မဟုတ်ပါဘဲကလား။ ဒါတွေဟာ အဆိပ်တွေ၊ ဒါတွေကို သာယာမိတာနှင့် တစ်ချက်တည်း အဆိပ်မိတာပဲ..."

"မှန်လှပါ..."

mgyoe.com